http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာဟာရ်အောင်တောရဝမ္မရိပ်သာများ၏အဓိပတိ

မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# သူ့ကျွန်မခံ ဝဋ်တော်လှန်
# သစ္စာလေးပါး တရားတော်

http://www.dhammadownload.com

- ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချထားရမယ်
ဒီလူ့ဘဝရလာတာဟာ ကုသိုလ်လုပ်ဖို့ပါပဲ။
- ဒီဝိပဿနာလုပ်ငန်းစဉ်ဟာ လူကြီးလူငယ်မခွဲခြားဘဲ
အမှန်ကျင့်ကြံအားထုတ်ရမယ့် အလုပ်ပါ။
- ကိုယ်က အပြောသမားဘဝနဲ့ အချိန်မကုန်စေဘဲ
လက်တွေ့သမားဖြစ်အောင် ကြိုးစားရမယ်။
- ဒါကြောင့် အချိန်ရှိခိုက်လုံ့လစိုက်ပြီး
လသာတုန်းဗိုင်းငင်ကြပါ။
- ကိုယ်ပိုင်အလုပ်ကို ကိုယ်တိုင်လုပ်ပါမှ
ကိုယ်ပိုင်ရတယ်လို့မှတ်ပါ။

ရဟန္တာမာန်အောင်ဆရာတော်

http://www.dhammadownload.com

ရတနာမာရ်အောင်တောရ


ဓမ္မရိပ်သာများ၏ အဓိပတိ

## မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# သူ့ကျွန်မခံ ပယ်တော်လှန်

## သစ္စာလေးပါး တရားတော်



(ယောဂီများအတွက်သာ)

သာသနာ ၂၅၅၄၊ ကောဇာ ၁၃၇၂၊ ခရစ် ၂၀၁၁

http://www.dhammadownload.com

၂၀၁၂ ခုနှစ်၊ ဧပြီလ
ဒုတိယအကြိမ်
အုပ်ရေ - ၁၀၀၀

# ဓမ္မဒါန



ရန်ကုန်

**ဒါယကာ၊ ဒါယိကာမများမှ**

လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝိဃာမိန္ဒ
ရတနာမာန်အောင်တောရစမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | |
| ❖ | **သူ့ကျွန်မခံ ပယ်တော်လှန် တရားတော်** | ၁ |
| ၁ | တို့တာဝန်၊ တို့အလုပ် | ၁ |
| ၂ | ကုသိုလ်ဆက်မှ ပေါင်းဖက်နိုင်မည် | ၄ |
| ၃ | သိလျက်နှင့် မေ့ချက်ကသာ | ၇ |
| ၄ | သူခိုင်းတော့မဆိုင်းလုပ်ရှာ | ၁၀ |
| ၅ | သူနှင့်ချည်းသာနေခဲ့ရှာ | ၁၃ |
| ၆ | စိန်ရွှေဝတ်လည်း အမြင်ကတ်ဖွယ် | ၁၈ |
| ၇ | ရထားနှစ်စီး ရွေးချယ်စီး | ၂၄ |
| ၈ | သူလှကိုယ်လှ ရွှေနှင့်မြ | ၃၀ |
| ၉ | သူ့ကိုပေါင်းလို့ အလောင်းသင်္ချော် | ၃၅ |
| ၁၀ | တဏှာအလို–အိုသည်မရှိ | ၄၃ |
| ၁၁ | မှန်းချက်နှင့် နှမ်းထွက် မကိုက်ပါ | ၅၃ |
| ၁၂ | နယ်ချဲ့တော်လှန် ဓမ္မညာဏ် | ၅၈ |
| ၁၃ | မှော်ရုံတောမှ လွတ်ရန်းတော်လှန် | ၆၂ |
| ၁၄ | ရွှေတောင်မထင် မီးရောင်မြင် | ၇၀ |
| ၁၅ | ခေါင်းညိတ်–ခေါင်းခါ | ၇၃ |
| ၁၆ | တရားကိုစွဲ အသက်နှင့်လဲ | ၇၅ |
| ၁၇ | အိပ်မက်ပမာ ဘဝတဏှာ | ၇၉ |
| ၁၈ | မျက်ရည်ပေါက်နှင့် ဒူးထောက်ဆွဲခေါ် | ၈၄ |
| ၁၉ | တဏှာမှ လွတ်လမ်းပေါ်လာ | ၈၈ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၀ | ကိုယ့်ခရီးနှင့် ကိုယ့်ထီး | ၉၀ |
| ၂၁ | သိပယ် ဆိုက်ပွား | ၉၂ |
| ❖ | တရားကိန်းသူ စိတ်မပူ တရားတော် | ၉၈ |
| ၂၂ | ပွဲကြီးပွဲကောင်း | ၁၀၄ |
| ၂၃ | အထင်လွဲလို့ အရှက်ကွဲ | ၁၀၆ |
| ၂၄ | မီးကျိုးပြာမှ ပန်းရွှေကြာ | ၁၀၈ |
| ၂၅ | တန်ခိုးအစွမ်း ဟင်းနှင့် ဆွမ်း | ၁၁၃ |
| ၂၆ | တရားသံချို နာကြားလို | ၁၁၅ |
| ၂၇ | ဝတ်ရည်စားသုံး ပျားပိတုန်း | ၁၂၀ |
| ၂၈ | ခမ္မအစွမ်း ဝေဒနာကိုလွှမ်း | ၁၂၆ |
| ၂၉ | ရေပွက်ပမာ ဒေနာ | ၁၃၂ |
| ၃၀ | အဆိုးဝေဒနာမှ အကျိုးရှာ | ၁၃၉ |
| ၃၁ | ရုပ်ဓာတ် အသံ ဉာဏ်ကပ်ယှဉ် | ၁၄၇ |
| ၃၂ | ဉာဏ်စဉ်ဆင့်ဆင့် မဂ်ဉာဏ်မွှင့် | ၁၄၈ |
| ၃၃ | တရားထိန်းသူ–စိတ်မပူ | ၁၅၁ |
| ၃၄ | တရားကျေးဇူး | ၁၆၀ |
| ၃၅ | အနာဂါမ်၏ဖြစ်ရာဘုံ | ၁၆၃ |
| ၃၆ | ဘုရားထံမှောက် အာနန္ဒာလျှောက် | ၁၆၄ |
| ၃၇ | ကွေးသောလက်မဆန့်မီ | ၁၆၈ |
| ၃၈ | သေမင်းကို စိန်ခေါ်ရဲသူ | ၁၆၉ |
| ❖ | **တရားအားထုတ်ခါနီး ပရိကံပြုရန်** | ၁၇၆ |
| ❖ | **ဆုတောင်း** | ၁၇၉ |
| ❖ | **မေတ္တာပို့** | ၁၈၁ |
| ❖ | **အမျှဝေ** | ၁၈၃ |
| ❖ | **ဆွမ်းစား မေတ္တာပို့** | ၁၈၄ |

http://www.dhammadownload.com

# အမှာ

တရားနဲ့ပျော်ရွှင် အို…ယောဂီသူတော်စင်တို့၊ ဤလောကမှာ ကံအကောင်းဆုံးလူဆိုတာ ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံတွေ့ခွင့်ရတဲ့ လူဖြစ်တယ်။ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြုံခွင့်ရတဲ့အခါ ကောင်းတဲ့လမ်း၊ မကောင်းတဲ့လမ်း ပြတ်ပြတ်သားသား သိမြင်ခွင့်ရပါတယ်။ မိမိတို့တစ်တွေဟာ သံသရာတစ်လျှောက်လုံးမှာ လမ်းမှားဘက်ကိုလိုက်ပြီး လမ်းမှားပြီး အဝိဇ္ဇာမှောင်ထဲ စမ်းတဝါးဝါးနဲ့ သွားခဲ့မိလို့ ပင်ပန်းကြီးစွာနဲ့ နေခဲ့ရသောခဲ့ရတဲ့ ဘဝသည် ရေတွက်လို့ မကုန်နိုင်တော့ပါ။ ယခုလို သာသနာအလင်းရောင်ပေးတုန်းမှာ အမှောင်မဖုံးစေဖို့ အတ္တဖျောက်၍ အနတ္တပေါက်ဖို့ အပါယ်လေးပါး တံခါးပိတ်ပြီး နိဗ္ဗာန်ရောက်ကြလေအောင်၊ မိမိတို့ရဲ့စိတ်ကို တဏှာကျွန်

http://www.dhammadownload.com

ဘဝမှ လွတ်မြောက်လေအောင် ပြုပြင် ထိန်းသိမ်းတတ်ဖို့ လိုအပ်ပါတယ်။ မိမိရဲ့ စိတ်ကို မိမိပြုပြင်မှ ရပါတယ်။ သူတစ်ပါး ပြုပြင်၍ မရပါ။ ဒါကြောင့် အကောင်းဆုံး နေခြင်းဆိုတဲ့ တရားအားထုတ်ခြင်းဖြင့် ပြုပြင်ကြပါ။ ငါဟာ ပါရမီရှိသူလား၊ ပါရမီမရှိသူလား တွေးတောစဉ်းစားမနေပါနဲ့။ သာသနာတော်ကြီးနဲ့ တွေ့ဆုံခွင့်ရတဲ့ အခါ ပါရမီရှိသူပဲရယ်လို့ အောက်မေ့ပြီး ကြိုးစားကြပါ။ ဗိုလ်ငါးပါးအကူအညီယူပြီး ထက်သန်သော ဇွဲလုံ့လကြီးမားစွာဖြင့် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ အတ္တပျောက်၍ အနတ္တပေါက် နိဗ္ဗာန်ရောက်အောင် "သူ့ကျွန်မခံ ပယ်တော်လှန်" တည်းဟူသော တရားတော်မြတ်ကို မိမိရဲ့ခန္ဓာအစဉ်မှာ ဉာဏ်နှင့်ယှဉ်၍ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းကြပါစို့ရယ်လို့ တိုက်တွန်းရင်း...

ဓမ္မော ဟဝေရက္ခတိတိ ဓမ္မစာရီ

ကိုသံချောင်း(ကျောက်ဖြူ)

http://www.dhammadownload.com

# သူ့ကျွန်မခံ ပယ်တော်လှန် တရားတော်

## တို့တာဝန်၊ တို့အလုပ်

ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်ရမယ်။ လောကမှာ ကောင်းမှုတရားတို့ကို မြတ်နိုးသော ပုဂ္ဂိုလ်များတို့သည် ကောင်းမှုတရားဟာ ဘယ်မှာတည်ရမှာတဲ့လဲ။

*(နှလုံးသားထဲမှာပါဘုရား)*

ခန္ဓာတည်းဟူသော နှလုံးသားထဲမှာ တည်ရမယ်။ ဟုတ်လား။ ကုသိုလ်ကောင်းမှုဟာ ဘယ်မှာတည်ပါလိမ့် ပရိသတ်။

*(နှလုံးသားမှာ တည်ပါတယ်ဘုရား)*

http://www.dhammadownload.com



ဟုတ်တယ်။ နှလုံးသားမှာ တည်ပါတယ်။ နားလည်ပြီနော်။ ဒီကုသိုလ်ကောင်းမှု တရားဟာလဲပဲ လူတိုင်းလူတိုင်း လုပ်ခွင့်ရပါ့မလား။

*(မရနိုင်ပါဘုရား)*

ကုသိုလ် ပါရမီဓာတ်ကောင်းတဲ့ပုဂ္ဂိုလ်၊ ဘဝရေစက် ပန္နက်သစ္စာရှိခဲ့တဲ့ ပုဂ္ဂိုလ်များမှသာလျှင် ကုသိုလ်ကောင်းမှုတရားလေးတွေကို လုပ်ခွင့်ရပါတယ်။ ကုသိုလ်ပါရမီဓာတ်ရှိတဲ့ ပုဂ္ဂိုလ်မှသာလျှင် ကုသိုလ်ကောင်းမှုတွေကို လုပ်ချင်စိတ်တွေ ပေါ်ပေါက်ပါတယ်။

*(တင်ပါဘုရား)*

ကုသိုလ်ဓာတ်နည်းတဲ့ ပုဂ္ဂိုလ်တွေဟာ အိပ်မက်တောင် မမက်နိုင်ဘူးတဲ့။ ဟုတ်ကဲ့လား။

*(တင်ပါဘုရား)*

ဘာကြောင့်လဲမေးတော့ ဘုန်းကြီးတို့

http://www.dhammadownload.com



ပရိသတ်တွေ မြို့ထဲမှာ လူတွေက အများကြီးပါပဲ။ ဒီတရားကို သတိရတဲ့ပုဂ္ဂိုလ်အချို့က ကြားတော့ကြားဖူးပါရဲ့။ ဒါပေမဲ့ ရောက်နိုင်ရဲ့လား။

*(မရောက်နိုင်ပါဘုရား)*

ဒါကြောင့် လူတိုင်း လူတိုင်း ဘာကို မလုပ်နိုင်တာပါလိမ့်။

*(ကုသိုလ်ကိုပါဘုရား)*

ကုသိုလ်ကို မလုပ်နိုင်ကြဘူးတဲ့။

*(တင်ပါဘုရား)*

ဟုတ်ကဲ့လား၊ ဘာကိုမလုပ်နိုင်တာပါလိမ့်။

*(ကုသိုလ်ကိုပါဘုရား)*

ကုသိုလ်ကိုမလုပ်တော့ ကုသိုလ်အကျိုးဆက်ကလေးတွေကို ခံစားခွင့်ရနိုင်ပါ့မလား။

*(မရနိုင်ပါဘုရား)*

မရနိုင်ဘူး။ တစ်နေ့က ဘုန်းကြီးပြော

http://www.dhammadownload.com



ခဲ့ပြီးပါပြီ။ လူဖြစ်တယ်ဆိုတာ ဘာလုပ်မလို့ လူဖြစ်လာတာတဲ့လဲ။

(ကုသိုလ်လုပ်မလို့ပါဘုရား)

ကုသိုလ်လုပ်မလို့ လူ့ဘဝမှာ လူဖြစ်လာတာ။ ဘာလုပ်မလို့ပါလိမ့်။

(ကုသိုလ်လုပ်မလို့ပါဘုရား)

အေး...ဒီစကားလုံးကို ဘုန်းကြီး ဘာကြောင့်ပြောသလဲဆိုတော့ နာဇာဒေဝီ နတ်သမီးက သူ့ရဲ့လင်တော်မောင်နတ်သားကို ပြန်လည်ပြီးတော့ ပြောခဲ့တယ်။

(တင်ပါဘုရား)

## ကုသိုလ်ဆက်မှ ပေါင်းဖက်နိုင်မည်

နာဇာဒေဝီနတ်သမီးဆိုတာ ဘုရားရှင်လက်ထက်တော်က ရှိခဲ့တယ်။ သူက နတ်ပြည်က စုတိစိတ်ကျပြီးတော့ လူ့ပြည်မှာ အသက်(၂၅)နှစ်တိုင်တိုင် နေခဲ့တယ်။ သား

http://www.dhammadownload.com



သမီး နှစ်ယောက် မွေးဖွားခဲ့တယ်။

(တင်ပါဘုရား)

သို့သော် သူဟာ လူ့ပြည်မှာနေစဉ်တုန်းက ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့တယ်။ ဒါနကုသိုလ်ကောင်းမှုတွေလုပ်တယ်။ သီလကုသိုလ်ကောင်းမှုတွေ စွမ်းစွမ်းတမံ စောင့်ထိန်းတယ်။ သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေထံမှာ တရားတွေနာကြား နှလုံးသွင်းခဲ့တယ်။ (၂၅)နှစ်ပြည့်တော့ ကံအားလျော်စွာ စုတိစိတ်ကျပြီး သေသွားရှာတယ်။ သေလွန်သွားတော့လဲပဲ သူ့ယောက်ျားဖြစ်ခဲ့တဲ့ နတ်သားဆောင်နေရာ ပြာသာဒ်ဆောင်ကြီးမှာ နတ်သမီးသွားဖြစ်ပြန်တယ်။

(တင်ပါဘုရား)

ဒီတော့ သူ့လင်ယောက်ျားဖြစ်တဲ့ နတ်သားက နာဇာဒေဝီ...နင် ခဏလေးက ပျောက်သွားတယ်ဟဲ့၊ နင် ဘယ်သွားနေတာလဲလို့ မေးတယ်။ ခဏက နင် ဘယ်သွားနေ

http://www.dhammadownload.com



တာတုံးလို့ပြောတဲ့ ခုဏလေးဟာ လူ့ပြည်မှာ (၂၅)နှစ် ကြာတာနော်။ နတ်ပြည်မှာ ခဏလေး...ဟုတ်လား။

*(တင်ပါဘုရား)*

တပိုတပါးသွားသလောက်ပဲ ကြာတယ်တဲ့။ ကြည့်စမ်း...လူ့သက်တမ်းက အတိုလေးလား၊ အရှည်ကြီးလား။

*(အတိုလေးပါဘုရား)*

အလွန်တိုတယ်နော်။ ဟေးလ အမောင်နတ်သား၊ ခုဏက အကျွန်ုပ်ဟာ လူ့ပြည်မှာ ရောက်နေခဲ့ပါတယ်...ဆိုတော့

ဟယ်...လူ့သက်တမ်းက တိုလှချည်လားလို့ မေးတော့

ဟုတ်ပါတယ် အမောင်နတ်သား၊ လူ့ပြည်မှာ လူ့သက်တမ်းက အလွန်တိုပါတယ်။ အကျွန်ုပ်ဟာ လူ့ပြည်သက်တမ်းမှာ လူတို့နှစ်နဲ့ (၂၅)နှစ်တိုင်တိုင် နေခဲ့ပါတယ်။ ဒီလိုပြောတယ်...နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



လူမှာ ၁၀၀၊ နတ်မှာ တစ်ရက်လို့ ပြောတာ ကြားဖူးကြတယ်မဟုတ်လား။

*(တင်ပါဘုရား)*

ဒီတော့ နတ်သားက အသင်သည် လူ့ပြည် (၂၅)နှစ်မှာ ဘာတွေလုပ်လာခဲ့သလဲလို့ မေးတယ်။ ဒီတော့ အကျွန်ုပ်ဟာ လူ့ပြည် လူ့လောကမှာ ကုသိုလ်ကောင်းမှုတွေ လုပ်လာခဲ့တာပေါ့ အမောင်ရဲ့။ ဒီပြာသာဒ်ဆောင်ကြီးမှာ လာဖြစ်ဖို့အတွက် ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ခဲ့ရတာပေါ့ ဆိုတော့ နတ်သားက မေးပြန်တယ်။

*(တင်ပါဘုရား)*

## သိလျက်နှင့် မေ့ချက်ကသာ

လူ့သက်တမ်းဟာ ဒီလောက်တောင် တိုတော့ လူ့ပြည်မှာ လူတိုင်းလူတိုင်းဟာ ကုသိုလ်ကောင်းမှုတွေပဲ လုပ်နေကြမှာပေါ့နော်လို့ မေးပြန်တယ်။ ဒီတော့ နာဇာဒေဝီ

http://www.dhammadownload.com


နတ်သမီးလေးက လျှောက်တယ်။

ဟေးလား အမောင်နတ်သားတဲ့။ လူတွေဟာ ကုသိုလ်ကောင်းမှုတွေလုပ်တဲ့ လူက နည်းပြီး၊ မေ့လျော့ပေါ့ဆပြီးနေတဲ့လူတွေက များပါတယ်။ ဒီလိုပြောတယ်... ဟုတ်လား။

*(တင်ပါဘုရား)*

မေ့လျော့ပေါ့ဆပြီးနေတယ်ဆိုတာ ဘာကို ပြောတာတဲ့လဲ။

*(ကုသိုလ်ကောင်းမှုကိုပါဘုရား)*

ကုသိုလ်တရားတွေ လုပ်ရမှာကို မေ့နေကြတာက များပါတယ် အမောင်နတ်သားတဲ့...ဟုတ်ကဲ့လား။ ဒီတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ လူတွေဟာ ကုသိုလ်တရားနဲ့ အကုသိုလ်တရားမှာ ဘယ်တရားကို ဦးစားပေးပြီး များများလုပ်နေကြတာလဲ။

*(အကုသိုလ်တရားကိုပါဘုရား)*

အေး...အကုသိုလ်တရားနော်။ ဒီအကု

http://www.dhammadownload.com


သိုလ်တရားတို့ဟာ ကောင်းကျိုးပေးတက်သလား၊ ဆိုးကျိုးပေးတတ်သလား။

*(ဆိုးကျိုးပေးတတ်ပါတယ်ဘုရား)*

ဆိုးကျိုးပေးတတ်တယ်ဆိုတာ သိတော့ သိတယ်နော်။ သိလျက်နဲ့ ဘာဖြစ်သလဲဆိုရင် သိလျက်နဲ့ မေ့မျောနေကြတယ်ပေါ့၊ ဟုတ်လား။

*(တင်ပါဘုရား)*

ဒါကြောင့်–

"မာန်,တဏှာ လွန်ရှင်ကဲတာကြောင့် သံသရာနွံဗွက်ထဲမှာလ သိလျက်ကယ်နဲ့ နစ်မြုပ်တယ်။ ဒီလိုဆိုတယ်နော်။ မာန်တဏှာ လွန်ရှင်ကဲတာကြောင့် သံသရာနွံဗွက်ထဲမှာလ သိလျက်ကယ်နဲ့ နစ်မြုပ်တယ်။ သိလျက်ကယ် ငြိချက်တွယ် ရူပါရုံကြောင့် ပျူငှာပုံတွေ့အောင် ပြုံးလေတော့ သူသူငါ ကွေ့ရှောင်လို့လဲ မရန်းနိုင်ဘူး၊ မြှုံးမိပါတဲ့ ငါးပမာ"တဲ့။

*(တင်ပါဘုရား)*

http://www.dhammadownload.com



မြှုးမိတဲ့ငါးလိုဆိုပဲ။

"ဃရာထောင်မှာ တဏှာမောင်ပုန်းကွယ်ကာလို့ ခြုံနွယ်မှာ နွားချိုငြိသလိုပ၊ ဆံလည်ပမာ ချားလိုလှည့်ရတဲ့အပြင်၊ အဂ္ဂိ (၁၁)မီးရယ်က ရစ်သီဖွဲ့လာ"

*(တင်ပါဘုရား)*

မီး(၁၁)မီးတို့က လောင်နေတယ်တဲ့။ ဆံလည်နွားပမာကဲ့သို့ဆိုပဲ။

*(တင်ပါဘုရား)*

## သူနိုင်းတော့မဆိုင်းလုပ်ရှာ

ခြုံထဲမှာ နွားချိုငြိနေသလိုဆိုပဲ။ ပုထုဇဉ်တွေဟာလေနော်၊ သိလျက်နဲ့ ဘာဖြစ်နေတာတဲ့လဲ။

*(နစ်မြုပ်နေပါတယ်ဘုရား)*

နစ်မြုပ်နေတယ်တဲ့နော်။ ပြီးတော့ မျောနေကြတယ်တဲ့။ ဘယ်ထဲမှာ မျောနေကြသလဲဆိုရင် ကိလေသာတည်းဟူသော နွံ

http://www.dhammadownload.com


အိုင်ထဲမှာ ဟုတ်လား။

*(တင်ပါဘုရား)*

ဘယ်မှာနစ်မြုပ်နေကြတယ်။

*(ကိလေသာတည်းဟူသော နွံအိုင်ထဲမှာပါ ဘုရား)*

ဒါကြောင့် ဘုန်းကြီးက ဒီနေ့ ဟောလိုက်ချင်တဲ့တရားက–

"သူ့ကျွန်မခံ ပယ်တော်လှန်"လို့ နှလုံးသွင်းလိုက်ကြပါ။

*(တင်ပါဘုရား)*

ဘာတဲ့လဲ။

*(သူ့ကျွန်မခံ ပယ်တော်လှန်ပါဘုရား)*

"ဘိက္ခုဝေ–ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့၊ တံမေ့–သင်ချစ်သား ချစ်သမီးတို့သည်၊ တဏှာဒေါသော–တပ်မက်မှုလို့ခေါ်တဲ့ တဏှာ၏ကျေးကျွန်အဖြစ်မှ၊ ဘဝေဘဝေ–ဘဝတိုင်း ဘဝတိုင်း၌၊

http://www.dhammadownload.com



ဒေတောတိ–ဝပ်စင်းပြီးတော့ နေကြပါပေ၏။”

ဘုရားရှင်က ဒီလိုဟောတယ်နော်။ လောကမှာ ပုထုဇဉ်မှန်သမျှ အနန္တတို့ဟာ ဘယ်သူ့ကျွန်အဖြစ်နဲ့ နေထိုင်ကြတယ်။

*(တဏှာရဲ့ ကျွန်အဖြစ်နဲ့ပါဘုရား)*

တဏှာကျွန်တဲ့ ဟုတ်ရဲ့လား။ တဏှာလက်ချက်နဲ့ ခိုင်းတာကျတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ နေမကောင်းရင်လဲပဲ ထပြီးတော့ လုပ်ပါတယ်။ ပစ္စည်းဥစ္စာနဲ့ပတ်သက်ပြီးတော့ သော်လည်းကောင်း၊ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့သော်လည်းကောင်း၊ သားရေး သမီးရေး ဆွေရေး မျိုးရေးနဲ့ ပတ်သက်ရင် သော်လည်းကောင်း နေမကောင်းရင် အိပ်ပြီးနေသလား။

*(မနေပါဘုရား)*

ဘာလုပ်သလဲဆိုရင် ထပြီး အလုပ်

http://www.dhammadownload.com



လုပ်တယ်။ ရှင်းရဲ့မဟုတ်လား။ ထပြီး ရှာဖွေတာနော်။ ဘယ်သူခိုင်းရင်တဲ့လဲ။

*(တဏှာခိုင်းရင်ပါဘုရား)*

## သူနှင့်ချည်းသာနေခဲ့ရှာ

ဒါဆိုရင် ဓမ္မက ခိုင်းရင်ကော။

*(မလုပ်ချင်ပါဘုရား)*

ဘုန်းကြီးတို့ သံဃာတော်များက ဒကာ, ဒကာမတွေကို ကြိုးစားကြနော်၊ ဒီတရားလေး သဘောပေါက်အောင် သည်းခံမှတ်လိုက်ကြနော်လို့ပြောရင် စိတ်ထဲက "ဘုန်းကြီးကသာ သည်းခံခိုင်းနေ၊ ဒီမှာက နာလို့မတတ်နိုင်တော့ဘူး" ဒီလိုမဟုတ်လား။

*(တင်ပါဘုရား)*

လောကမှာ ပုထုဇဉ်တွေ အန္ဓပုထုဇဉ်တွေဟာ သိပ်ကန်းတယ်ဆိုတာ ဒါကိုပြောတာနော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ကန်းတယ်လို့နော်။ တဏှာကျွန်တဲ့။ တဏှာခိုင်းတာကျတော့ ပြုံးလို့ပျော်လို့။ ဓမ္မက ခိုင်းတာကျတော့ လုပ်ကိုမလုပ်ချင်ဘူး။

(တင်ပါဘုရား)

ဩော်…တော်တော်ကြာတော့ ရာသီဥတု ပူတာကို ထိုးချပြန်တာက တစ်မျိုး၊ အိုက်တာကတစ်မျိုး၊ ဟာ…ဟိုကဖောက်ပြန်၊ နာကျင်၊ ဒီကကိုက်ခဲတာတို့ကို ထိုးချပြန်တာက တစ်မျိုး၊ သည်းခံ မမှတ်ချင်ဘူးဟုတ်လား။ တရားက ခိုင်းတာကျတော့ မလုပ်ချင်ကြဘူး။ တဏှာကခိုင်းတာကျတော့ တရားမှတ်နေရင်းနဲ့ပင်လျှင် တဏှာက လှုပ်ချင်တယ်ဆိုရင် လှုပ်လိုက်တော့တာပဲ။ ရွှေ့ချင်တယ်ဆိုရင် ရွှေ့လိုက်တော့တာပဲ။ လုပ်ချင်လိုက်တာ ပြောမနေပါနဲ့တော့ ဟုတ်လား။

(တင်ပါဘုရား)

ဒါဟာ လူလိမ္မာလား၊ လူမိုက်လား။

(လူမိုက်ပါဘုရား)

http://www.dhammadownload.com



အင်း…လူမိုက်…မိုက်နေသေးသလား။ အင်း…မိုက်ရင်တော့ ထောင်ထဲရောက်မှာ ခင်ဗျားတို့…ဟုတ်လား။

*(တရားမရနိုင်လို့ လူမိုက်ပါဘုရား)*

ခင်ဗျားတို့က ရအောင်မှ မကြိုးစားဘဲကိုး။ ဟုတ်လား။ ဘုန်းကြီးရှေ့ကျတော့ တစ်မျိုး၊ နောက်မှာတစ်မျိုး လုပ်နေတာကိုး။ ရှင်းရဲ့လား။ ဘယ်ကတရားရမှာလဲ။ တရားဆိုတာ တရစပ်တည်းလုပ်ရတယ်။ တရစပ်လုပ်မှ တရားကတွေ့တာ၊ နားလည်တယ်နော်။ ဒီတော့ ပရိသတ်အပေါင်း သူတော်ကောင်းများ လောကမှာ လူတိုင်း လူတိုင်းဟာ ဘယ်သူ့စကားကိုတော့ နားထောင်ကြတယ်။

*(တဏှာစကားကိုပါဘုရား)*

ကိလေသာအာရုံက ခိုင်းပုံ ဟုတ်လား။ လောကမှာ သားသမီး၊ ညီအစ်ကို မောင်နှမတွေက ခိုင်းတဲ့အလုပ်နဲ့ သူတော်ကောင်း

http://www.dhammadownload.com



ကြီးတွေက ခိုင်းတဲ့အလုပ် ဘယ်အလုပ်ကို ကြိုးစားကြသတုံး။

*(ညီအစ်ကိုမောင်နှမကခိုင်းတဲ့အလုပ်ပါ ဘုရား)*

မိသားစုတွေက ခိုင်းတာ လုပ်ကြတယ်နော်။ တဏှာ၏ကျေးကျွန်အဖြစ်နဲ့ မျောပြီးတော့ လာခဲ့တဲ့ဘဝတွေက အနည်းလား အများကြီးလား။

*(အများကြီးပါဘုရား)*

စဉ်းစားနော်။ ဒီနေ့ ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတို့ရဲ့ဘဝ သံသရာလောက တစ်လျှောက်လုံးမှာ ကျင်လည်ခဲ့ရတဲ့ ဘဝတွေဟာ ဘယ်လောက်များပြားခဲ့ပြီလဲ ကြည့်လေ။

*(တင်ပါဘုရား)*

ကုသိုလ်နဲ့ အကုသိုလ်ကို ချိန်ထိုးပြီး ကြည့်ရရင် ကုသိုလ်ဆိုတာဟာ လက်သည်းခွံမှာပါလာတဲ့ သဲမှုန့်လေးလောက်ပဲ ရှိပါတယ်။ အကုသိုလ်တွေဟာ မဟာပထဝီ

http://www.dhammadownload.com



မြေကြီးမှာရှိတဲ့ သဲမှုန့်တွေလောက် များခဲ့ပါတယ် ပရိသတ်။ မများခဲ့ဘူးလား။

*(များခဲ့ပါတယ်ဘုရား)*

ဥပမာဖြင့်ကြည့်လေ။ ဒကာ,ဒကာမတွေဟာ မိမိကိုယ်ကိုပဲ ကြည့်ပါ။ တခြားမကြည့်ပါနဲ့။ နေ့တစ်နေ့ရဲ့ ၂၄ နာရီကာလမှာ အိပ်ချိန်ကိုဖယ်လိုက်ရင် တစ်နေ့မှာ ၁၆ နာရီလောက်ရှိတယ်။ အဲဒီလောက် အချိန်တွေမှာ မျက်စိနှစ်လုံးပွင့်ကတည်းကိုက မိမိကိုယ်ကို ဘယ်အာရုံနဲ့များ နေလာခဲ့သလဲလို့ စဉ်းစားကြည့်လိုက်ပါ။ ဘုရားရှိခိုးချိန်ကလွဲရင် ကျန်တဲ့အချိန် တော်တော်များများသည် ကုသိုလ်စိတ်နဲ့ နေတာလား၊ အကုသိုလ်စိတ်တွေနဲ့လား။

*(အကုသိုလ်စိတ်တွေနဲ့ပါဘုရား)*

အများအားဖြင့် ခြုံပြီးပြောပြတာပါ။ လူများစုဟာ ဒီစိတ်တွေပဲ များပါတယ်။ မနက်မိုးလင်းကတည်းက လောဘအာရုံ၊ ဒေါသအာရုံ၊ မာန်မာန၊ သောက၊ တော်

http://www.dhammadownload.com



ကြာ စိတ်ညစ်လိုက်၊ တော်ကြာပျော်လိုက်နဲ့ တော်ကြာ ဒေါသဖြစ်လိုက်နဲ့ ဒီအာရုံတွေနဲ့ချည်းပဲ လုံးချာလည်မနေရဘူးလား။

*(လည်နေရပါတယ်ဘုရား)*

## စိန်ရွှေဝတ်လည်း အမြင်ကတ်ဖွယ်

တဏှာကခိုင်းလာခဲ့တာတွေပေါ့ ဟုတ်လား။ ဒါကြောင့် တဏှာခိုင်းတာကို လုပ်လာခဲ့တဲ့ အကုသိုလ်တွေက ဘယ်လောက်တောင် များသလဲဆိုရင် မဟာပထဝီမြေကြီးမှာရှိတဲ့ သဲမှုန့်တွေလောက် များပြားခဲ့ပါသည်။ ကုသိုလ်တွေကတော့ ဘယ်လောက်သာ ရှိသလဲဆိုရင်

*(လက်သည်းခွံလောက်ပါဘုရား)*

ဟုတ်တယ်။ အဲဒါကြောင့်သာ ဘာတံခါး မပိတ်နိုင်ခဲ့ကြတာပါလိမ့်။

*(အပါယ်တံခါး မပိတ်နိုင်ခဲ့ပါဘုရား)*

http://www.dhammadownload.com



အာသဝေါကုန်ခန်းလို့ ရဟန္တာမဖြစ်နိုင်သေးတာဟာ ဘယ်သူ့နောက်ကို အလိုက်မှားခဲ့လို့ပါလိမ့်။

*(တဏှာနောက်ကိုပါဘုရား)*

တဏှာဆိုတာ လိုချင်တပ်မက်နေတာနော်။ ဟိုဟာလေးလိုချင်၊ ဒီဟာလေးလိုချင် စသည်ဖြင့် 'ချင်'ပေါင်းများစွာနဲ့ တဏှာနောက်ကို ရွှေသမင်အလိုက်မှားနေကြလို့ ဟုတ်ကဲ့လား။

*(တင်ပါဘုရား)*

အေး...အလိုက်မှားနေကြလို့ ရနိုးနိုး၊ ရနိုးနိုးနဲ့ ချောက်ထဲကျမှန်းလဲ မသိ။ ရွှေသမင်လေးက လှလိုက်တာလို့ နောက်က တကောက်ကောက် လိုက်လိုက်လာခဲ့ကြတာ နောက်ဆုံးမှာ ရှေ့မှာ ချောက်ထဲကျမှာ သိသလား။

*(မသိပါဘုရား)*

သမင်လှတာပဲ မြင်နေတာကိုး ဟုတ်

http://www.dhammadownload.com



လား။ ဒီတော့ သမင်ကိုပဲမြင်ပြီး ချောက်ကြီး မမြင်တဲ့ခါကျတော့ ချောက်ထဲကျပြီး ဒကာ,ဒကာမတွေ အရိုးတခြား ခေါင်းတခြား ဖြစ်ပြီးတော့ သေကြေပျက်စီးခဲ့ရတဲ့ ဘဝတွေဟာ အနည်းလား၊ အများကြီးလား။

*(အများကြီးပါဘုရား)*

အဲဒီဥပမာနော်။ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းများ

"ချမ်းသာနိုးနိုး၊ ရည်မျှော်ကိုး၍၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ် ကပ်လျက်" ဆိုတော့ ခန္ဓာရပြီနော်။ ဟုတ်လား။

*(တင်ပါဘုရား)*

ဘာနိုးနိုးနဲ့တဲ့လဲ။

*(ချမ်းသာနိုးနိုးနဲ့ပါဘုရား)*

(ချမ်းသာနိုးနိုး)[၂] နဲ့။ ပုညာဘိ သင်္ခါရလို့ခေါ်တဲ့ ကာမာဝစရ ကုသိုလ်ကံတွေ၊ အပုညာဘိသင်္ခါရလို့ခေါ်တဲ့ အကုသိုလ်ကံ

http://www.dhammadownload.com



တွေ၊ အနေဉ္ဇာဘိ သင်္ခါရလို့ခေါ်တဲ့ ဈာန်ကုသိုလ်တရားတွေ ဒီကံသုံးမျိုးကို ပြုစီမံ၍နော်။ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယာတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာနှင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဇာတိဇရာ၊ ဖြစ်ရပါသည်၊ သောက ထိန်ထိန် ညီးညီးတည်း"တဲ့။ မညီးရဘူးလား ပရိသတ်။

*(ညီးရပါတယ်ဘုရား)*

ဘာကြောင့်လဲ မေးတော့ ဘုန်းကြီးတို့ ပရိသတ်တို့မှာ အင်္ဂါတစ်ဆယ့်နှစ်ပါး လည်ပတ်နေလို့ လောကမှာ ချမ်းသာခြင်းတရားတွေ ကွယ်ပနေတာ။

*(တင်ပါဘုရား)*

ဆင်းရဲခြင်း တရားကိုပင်လျှင် ဟုတ်တယ်လို့ အထင်ကြီးပြီးနေကြတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ငယ်ရွယ်စဉ်တုန်းကတော့ ဟုတ်တာပေါ့။ လောကီအာရုံ ကာမဂုဏ်က ငယ်ရွယ်စဉ်တုန်းမှာ သာယာခင်မင်စရာ ကောင်းတာ ဟုတ်လား။

*(တင်ပါဘုရား)*

စိန် ရွှေ ငွေ ရတနာတွေက ငယ်ရွယ်စဉ်မှာ ဝတ်လို့ဆင်လို့ကောင်းတာ။ အသက်ကြီးလာပြီဆိုမှဖြင့် အဲဒီအဝတ်တွေ ဆင်ထားလေ ကြည့်လို့မကောင်း ဖြစ်လာလေ ဟုတ်လား။ ကောင်းရဲ့လား။

*(မကောင်းပါဘုရား)*

အဘွားကြီးတွေ တစ်ခါတည်း လက်ကောက်ကြီးတွေ အဆစ်ပြည့်ဝတ်ထား၊ စိန်နားကပ်ကြီးတွေပန်ထား၊ ဆွဲကြိုးကြီးတွေဝတ်ထား ကြည့်ကောင်းသေးရဲ့လား။

*(မကောင်းပါဘုရား)*

"ပါးကြောရေတွန့်၊ နားကြောစွန့်လျက်၊ မြင်ဝံ့နိုင်ဖွယ် မျောက်အိုနှယ်သို့"

http://www.dhammadownload.com



ပုံပျက်ဆန်းပျက် ဖြစ်လာတာ ဟုတ်လား။ ဆင်လာလေ အရုပ်ဆိုးလာလေ၊ မဆိုးဘူးလား။

*(ဆိုးလာပါတယ်ဘုရား)*

ဘာလဲဆိုရင် ခန္ဓာနော်။ ဒါကိုပင်လျှင် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့က ငါအိုနေပြီ၊ ငါအိုလာပါပေါ့လားလို့ သတိရရဲ့လား။

*(မရပါဘုရား)*

မရသေးဘူးနော။ တစ်ခါတစ်ရံ မှန်ကြည့်ရင်တောင်မှ အမယ်လေး...ငါ မဆိုးသေးဘူး။ မျက်ခုံးမွေးတွေ မရှိတော့ရင် ဘာလုပ်ရတယ်၊ ဆိုးထားရတယ်။ ဟဲ့... ဟုတ်တယ်နော်။ ကဲ...အသက်အရွယ်ကြီးလာတော့ မျက်ခုံးမွေးတွေ ဟိုကကျွတ်ကျ ဒီကကျွတ်ကျတော့ ဘာလုပ်ရတယ်။

*(ဆိုးပါတယ်ဘုရား)*

ကဲ...ထပ်ဆိုးတယ်။ ကြည့်စမ်းပါဦး။

http://www.dhammadownload.com



ဘယ်သူက ခိုင်းနေတာတဲ့လဲ။

(တဏှာကပါဘုရား)

## ရထားနှစ်စီး ရွေးချယ်စီး

တဏှာကျေးကျွန်အဖြစ်နဲ့နေတဲ့ပုထုဇဉ်၊ ပုထုဇဉ်ဆိုတာ ကသိုလ်စိတ်နည်းတဲ့ ပုဂ္ဂိုလ်။ ပုထု ကိလေ ဇနေ သီတိ ပုထုဇနော တဲ့။ အာရုံတွေများတယ်။ လောဘအာရုံ များတယ်။ ဒေါသအာရုံတွေများတယ်။ မောဟအာရုံများတယ်။ မာန်မာန ဣဿာ မစ္ဆရိယ အာရုံတွေများတယ်နော်။ အကုသိုလ်အာရုံ များပြားတဲ့ပုဂ္ဂိုလ်ကို ပုထုဇဉ်လို့ ခေါ်တယ်။ ဒါဆိုရင် ကျုပ်တို့ပရိသတ်တွေက ပုထုဇဉ်လား၊ အရိယာလား။

(... ... ...)

ဟင်...အင်...အောင်မယ်...ဘာတဲ့...။ အရိယာလမ်းစဉ်ကို လျှောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်ပါတဲ့။ ဟုတ်တယ် ဒကာ,ဒကာမ

http://www.dhammadownload.com



တွေ။ ပုထုဇဉ်ထဲမှာလဲ ကလျာဏပုထုဇဉ်၊ အန္ဓပုထုဇဉ် ရှိတယ်။ သောတာပန်မှာလဲ စူဠသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်ရှိတယ်။ ဟုတ်ကဲ့လား။

(တင်ပါဘုရား)

ပုထုဇဉ်တော့ ပုထုဇဉ်ပဲ။ သို့သော် ယောဂီများဟာ ကလျာဏပုထုဇဉ်ထဲမှာ ဝင်နေတယ်။ ကုသိုလ်တရားတွေလုပ်တတ်လို့ တရားတွေနာတတ်တယ်။ ဒါနကုသိုလ်ကောင်းမှုတွေ လုပ်တတ်တယ်။ သီလကုသိုလ်ကောင်းမှုတွေနဲ့ စောင့်ထိန်းတတ်တယ်။ စောင့်ရှောက်တတ်တယ်။ ဘာဝနာတရား မှန်သမျှတွေကိုလည်း အားထုတ်ဖို့ တတ်တယ်။ ကလျာဏ ပုထုဇဉ်နော်။

(တင်ပါဘုရား)

အဲဒီ ကလျာဏပုထုဇဉ်ဘဝက အရိယာ အနွယ်ဝင်ဘဝကိုရောက်ရန် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဟုတ်လား။

(တင်ပါဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒကာ,ဒကာမတွေ အနန္တ စာရင်းထဲမှာ မပါဘူးပေါ့။

*(မပါပါဘုရား)*

ဟုတ်ရဲ့လား။

*(မပါပါဘုရား)*

မပါစေနဲ့။ အိမ်ကလူတွေ ပါရင် ပါ ပေ့စေ။ လိုက်မပါစေနဲ့။ ကျုပ်တို့ပရိသတ် တွေ မပါစေနဲ့။ ဟုတ်လား။

*(မပါပါဘုရား)*

ဟုတ်လား။ ဒီလောက်ထိ တရားတွေ အားထုတ်နေတာ ပါဖို့တော့ မကောင်း တော့ပါဘူးနော်။ ပါဖို့ကောင်းသေးသလား။

*(မကောင်းပါဘုရား)*

အင်း...ဒီလောက်ထိ ဝေဒနာတွေအပေါ် မှာ အင်း အင်း...နဲ့ သည်းခံအားထုတ် ထားတာဆိုတော့ အင်း...နည်းနည်းပါးပါး တော့ လွတ်ဖို့ကောင်းပါတယ်ဗျာ။ သေမင်း

http://www.dhammadownload.com



ကတော့ နည်းနည်းပါးပါး ဘာလုပ်ဖို့ကောင်းတယ်။

*(လွတ်ဖို့ကောင်းပါတယ်ဘုရား)*

အင်း…သေမင်းက လွတ်မှာပါ။ သေချာပါတယ်။ ဒကာ,ဒကာမတွေ စာရင်းဝင်ပါပြီ။ ဒါရဖို့ပဲ လက်မှတ်ခံနေကြတာမဟုတ်လား။

*(တင်ပါဘုရား)*

ဘာလက်မှတ်လဲဗျာ။

*(… … …)*

ရော…နိဗ္ဗာန်သွားမယ့် လက်မှတ်။ အမယ်…သေမင်းဆီသွားမယ့် လက်မှတ်တဲ့။ သေဖို့ပဲကြံနေတယ်။ အင်း…ဘာလက်မှတ် ခံနေတာဗျာ … နိဗ္ဗာန်သွားဖို့လက်မှတ်ခံတာဗျာ၊ သိပြီလား။ ဟုတ်လား။ မဂ္ဂင်ဖောင်ကြီးနဲ့ သွားနေတယ်လေ။ မဂ္ဂသစ္စာ လမ်းမကြီးပေါ်မှာ တရားလေးအားထုတ်နေတယ်။ မဂ္ဂသစ္စာပွားများလို့နေတာ

http://www.dhammadownload.com



အဲဒါတွေဟာ လက်မှတ်ခံနေတာ ပရိသတ်များ။

*(တင်ပါဘုရား)*

အဲဒါ ဝဋ်ရထားမှ မဂ်ရထားသို့ ရထားပြောင်းစီးနေတာဗျာ။ အရင်တုန်းကတော့ ဝဋ်ရထားကြီးတက်လို့စီး၊ ခရီးထွက်ခဲ့ပြီ။ သုံးဆယ့်တစ်ရွာ လည်ပတ်ရှာ မှန်စွာနေခဲ့ပြီ။ ဒီလိုဆိုတယ် ဟုတ်လား။

*(တင်ပါဘုရား)*

မနေခဲ့ဘူးလား။

*(နေခဲ့ပါတယ်ဘုရား)*

ဝဋ်ရထားဆိုတဲ့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ရထားကြီး စီးလာခဲ့တဲ့ ဘဝတွေက အနည်းလား အများကြီးလား။

*(အများကြီးပါဘုရား)*

သုံးဆယ့်တစ်ဘုံ မလည်ခဲ့ဘူးလား။

*(လည်ခဲ့ပါတယ်ဘုရား)*

http://www.dhammadownload.com



အခုဘာရထားပြောင်းစီးနေပြီ။

(မဂ်ရထားပါဘုရား)

မဂ်ရထားကြီး ပြောင်းလို့စီး အပြီး လိုက်သင့်ပြီ။ ဘာရထားပြောင်းစီးရတယ်။

(မဂ်ရထားပါဘုရား)

အဲ...မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီး မဂ္ဂရှစ်ဖြာ သစ္စာတရားကို ကျင့်ကြံပွားများ အားထုတ်ကြမယ်ဆိုလို့ရှိရင် ဒကာ,ဒကာမ တွေ ဘယ်သူ့ကျေးကျွန်မှ လွတ်မှာတုံး။

(တဏှာကျေးကျွန်မှပါဘုရား)

တဏှာကျေးကျွန်အဖြစ်မှ လွတ်လိုတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် ပရိသတ်များ ဘယ် သူ့စကားကို နားထောင်ရမယ်။

(ဘုရားရှင်စကားကိုပါဘုရား)

မမေ့နဲ့ ပရိသတ် ဟုတ်လား။

(တင်ပါဘုရား)

http://www.dhammadownload.com



# သူလှကိုယ်လှ ရွှေနှင့်မြ

ဘုရားရှင်ကိုယ်တော်မြတ် ညွှန်ပြတော်မူအပ်သော တရားဓမ္မဒေသနာတော်မြတ်တို့သည် ဘုန်းကြီးတို့ဘ၀၊ ဒကာ,ဒကာမတွေ ဘ၀ကို လှစေတတ်ပါသည်၊ ဟုတ်လား။

*(တင်ပါဘုရား)*

ကမ္ဘာမှာ အလှဆုံးဆိုတာ ဒီတရား။

*(တင်ပါဘုရား)*

ဒီတရားကို ဆင်ယင်ထုံးဖွဲ့ထားမယ်၊ ဒီတရားကို တန်ဆာဆင်မြန်းထားမယ်၊ ဝိပဿနာတရားနဲ့ အလှဆင်ထားမယ်ဆိုရင် လောကမှာ အလှဆုံးသည် ဒီတရား။

*(တင်ပါဘုရား)*

ကမ္ဘာ့အလှဆုံးတရား ငြိမ်းချမ်းရေးတရားလို့လဲ ခေါ်တယ်။ အခု ကမ္ဘာ့အနောက်နိုင်ငံတွေမှာ တစ်မြို့နဲ့တစ်မြို့၊

http://www.dhammadownload.com



တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပြဿနာဖြစ်နေကြတာဟာ ဘာဖြစ်လို့ ပြဿနာဖြစ်နေကြတာလဲလို့ မေးလိုက်ရင် ငါးပါးသီလ မလုံခြုံလို့၊ ဘုရားရှင်ရဲ့ဝါဒကို မလိုက်နာလို့၊ မကျင့်သုံးလို့နော်။ ဟောဒီ ဝိပဿနာတရားကို အားမထုတ်လို့။ သူတို့နိုင်ငံ စစ်နိုင်ငံဖြစ်နေတာ။ တစ်ယောက်နဲ့ တစ်ယောက် မတည့်တာလဲ ဝိပဿနာတရားတွေ အားမထုတ်လို့ မတည့်ဖြစ်နေတာ။ ဝိပဿနာတရားတွေ အားထုတ်ရင် အားလုံးကို ခွင့်လွှတ်နိုင်တယ်။ ခွင့်မလွှတ်နိုင်ဘူးလား။

*(ခွင့်လွှတ်နိုင်ပါတယ်ဘုရား)*

ဝိပဿနာတရားသာ အားထုတ်မှုရှိရင် ခွင့်လွှတ်နိုင်တဲ့စိတ်တွေ အများကြီးဖြစ်လာတယ်။ သည်းခံနိုင်တဲ့စိတ်တွေလည်း အများကြီး ဖြစ်လာတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဒီတရားဟာလေနော်။ မင်္ဂလာ၊ ဖိုလ်ဉာဏ် မကိန်းသေးရင်တောင်မှ ဒကာ၊ ဒကာမတွေ နေတတ်လာတယ်။ ထိုင်တတ်လာတယ်။ သွားတတ်တယ်။ လာတတ်တယ်။ စားတတ်တယ်။ သောက်တတ်တယ်။ နောက်ဆုံး သေဖို့တတ်လာတယ် ပရိသတ်။

*(တင်ပါဘုရား)*

ဘာတတ်လာတယ်။

*(သေဖို့တတ်လာပါတယ်ဘုရား)*

အင်း...အနေတတ်လာလို့ အသေတတ်တာ ဒီတရား။ နားလည်တယ် မဟုတ်လား။

*(တင်ပါဘုရား)*

ဘာတတ်လို့တုံး။

*(အနေတတ်လို့ပါဘုရား)*

အနေတတ်ရင် အသေမြဲတတ်ပါတယ်။

http://www.dhammadownload.com



အနေမတတ်ရင် အသေမဖြတ်ပါဘူး။ အနေ မကောင်းရင် အသေမကောင်းဘူးနော်။ ဒါ ကြောင့် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းများ အနေကောင်းအောင် ဘာလုပ်ရမယ်။

*(တရားလုပ်ရပါမယ်ဘုရား)*

တရားတွေလုပ်။ ဟုတ်လား။ ကုသိုလ် ကောင်းမှုတွေ များများလုပ်ထားရမယ်။ အနေကောင်းရင် အသေလဲကောင်းပါတယ်။

*(တင်ပါဘုရား)*

အနေတတ်ရင် အသေဖြတ်တယ်။ နား လည်ပြီနော်။ ဘာတတ်ရင်တဲ့လဲ။

*(အနေတတ်ရင်ပါဘုရား)*

အနေမတတ်ဘူးဆိုရင်ကော...

*(အသေမဖြတ်ပါဘုရား)*

စဉ်းစားလိုက် ဟုတ်လား။ ဘုန်းကြီး ပြောတဲ့ စကားလုံးတွေ မှတ်ထားနော်။ ဘာ

http://www.dhammadownload.com



တတ်ဖို့လိုတယ်။

*(အနေတတ်ဖို့လိုပါတယ်ဘုရား)*

အနေတတ်ဖို့လိုတယ် ဟုတ်လား။ အနေတတ်ဖို့ဆိုရင် ဘာနဲ့နေတတ်ရင် အကောင်းဆုံးလဲ။

*(တရားနဲ့ပါဘုရား)*

သူတော်ကောင်းတရားနဲ့နော်။ ဒါန ကုသိုလ်ကောင်းမှုတရားတွေ ပြုလုပ်ပြီးတော့နေ။ သီလကုသိုလ်ကောင်းမှုတရားလေးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲအောင် စောင့်ထိန်းပြီးနေ။ ဝိပဿနာတရားတွေကို စွမ်းစွမ်းတမံ ပြုလုပ်အားထုတ်ပြီးတော့နေ။ အဲသလို အနေကောင်းရင် အသေကောင်းပြီ။ နားလည်ပြီနော်။ ဒါကြောင့်မို့လို့ တရားအားထုတ်တယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းများ ဘာလုပ်နေသလဲဆိုရင် အနေကောင်းအောင်

http://www.dhammadownload.com



ကြိုးစားနေတာ။

*(တင်ပါဘုရား)*

သဘောပေါက်ပြီ မဟုတ်လား။

*(တင်ပါဘုရား)*

ဘာကောင်းအောင်လဲဆိုရင် အသေကောင်းအောင်နော်။ အေး...အနေမကောင်းရင် အသေမကောင်း။ ဒါလေးတော့ မမေ့စေချင်ဘူး။ ရင်ထဲမှာ စွဲထားစေချင်တယ်။ နှလုံးသွင်းထားစေချင်တယ်။ ကျောက်ထက်မှာရေးတဲ့စာကဲ့သို့ ဖြစ်သွားစေချင်တယ်။

*(တင်ပါဘုရား)*

## သူ့ကိုပေါင်းလို့ အလောင်းသချိုင်း

ကျုပ်တို့ ဒကာ,ဒကာမတွေက တရားတော့ နာပါရဲ့။ သဲပုံထက်မှာရေးတဲ့စာလို၊ ဖွဲခွံပေါ်မှာရေးတဲ့စာလို တရားတွေတော့ နာပါရဲ့။ တော်တော်ကြာရင် အင်း ပျောက်

http://www.dhammadownload.com



သွားပြီ။ မနက်ပိုင်းကပြောတဲ့တရား ဒီနေ့ နေ့လယ်ပိုင်း ပြန်မေးကြည့် ပျောက်သွားပြီ။ ဟို...ဟာ...အင်...အဲ...နဲ့ နေမှာ ဟုတ်လား။ အင်း...အဲဒါ ဘာမကောင်းလို့ တဲ့လဲ။

*(သတိမကောင်းလို့ပါဘုရား)*

အင်း မှတ်ဉာဏ်မကောင်းလို့ပေါ့။ ဟုတ်ကဲ့လား။ မေ့တတ်တယ်။ အဲဒါကြောင့် တရားမရနိုင်ကြသေးတာပေါ့။ မှတ်ဉာဏ်ကောင်းရင်တော့ ဒီလောက်ထိ ပင်ပင်ပန်းပန်း အားထုတ်စရာ မလိုပါဘူး။ ကိစ္စပြီးတာ ကြာလှပြီ။ ဒီလိုမှတ်ဉာဏ် မကောင်းလို့ ကြာနေတာ။ ဘယ်လောက်ကြာဦးမှာတုံး။

*(မပြောတတ်ပါဘုရား)*

သတိထားပေါ့။ ဟုတ်ကဲ့လား။ အေးအေးအေး...ကိုယ့်အမှတ် ကိုယ်တော့ဆောင်ထားကြပေါ့ နော။ အင်း...မိမိသန္တာန်မှာ

http://www.dhammadownload.com



တရားနာတာ မကါိန်းဘူးဆိုရင် ပရိသတ် အပေါင်း သူတော်ကောင်းများ သံသရာ လမ်းတစ်လျှောက် ဘာဖြစ်တတ်တယ်။

*(ဆင်းရဲတတ်ပါတယ်ဘုရား)*

အင်း...,ဒုက္ခပေါင်း မြောက်မြားစွာ တွေ့ရမယ်လို့ ဆုံးဖြတ်ချက်ချ။ ဟုတ်လား။ ဘယ်သူခိုင်းတာကို လုပ်ရင်တဲ့လဲ။

*(တဏှာခိုင်းတာကိုပါဘုရား)*

တဏှာခိုင်းတာလုပ်ရင် ကြာပြီမဟုတ် လား။ ဘာခိုင်းတာလုပ်ရင် သံသရာရှည် မယ်။

*(တဏှာခိုင်းတာလုပ်ရင်ပါဘုရား)*

အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဘယ်သူခိုင်းတိုင်း မလုပ်နဲ့တဲ့လဲ။

*(တဏှာခိုင်းတိုင်း မလုပ်နဲ့ပါဘုရား)*

တစ်နည်းအားဖြင့်ဆိုရင် တဏှာရဲ့ ကျေးကျွန်မဖြစ်စေနဲ့လို့ မှာတာမဟုတ်လား။

http://www.dhammadownload.com



တစ်နည်းအားဖြင့် သူ့ကျွန်မခံနဲ့၊ သူ့ကျွန်မဖြစ်စေနဲ့လို့ ပြောတာ။ ဟုတ်လား။ ဘုရားရှင်က မှာတာနော်။ ဘယ်သူ့ကို မှာသလဲဆိုရင်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဇေတဝန်ကျောင်းတော်မြတ်မှာ တရားဟောစဉ်တုန်းကပေါ့။ ညနေ သောင်စောင်းလေး လေပြည်လေညင်းလေးတွေကလဲ တိုက်ခတ်ပြီး အေးချမ်းတဲ့အချိန်ပေါ့။ လူတွေအမောဖြေတဲ့အချိန် တရားနဲ့ အမောဖြေတဲ့အချိန်ပေါ့။ လောကီကိစ္စတွေ များများလုပ်ပြီးတော့ တစ်နေ့တာ ပင်ပန်းနွမ်းနယ်တဲ့ အချိန်လေးကို ညနေဘက်ကျတော့ ပင်ပန်းနွမ်းနယ်တဲ့ အာရုံလေးကို ဘုရားရှင်ဟောတော်မူတဲ့တရားကို နာကြားခြင်းဖြင့် ဖြေသိမ့်ကြတယ် ပရိသတ်။

*(တင်ပါဘုရား)*

ဘယ်ကျောင်းတော်မှာတဲ့လဲ။

*(ဇေတဝန်ကျောင်းတော်မှာပါဘုရား)*

http://www.dhammadownload.com



ဓေတဝန်ကျောင်းမှာနော်။ ဒီကော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဓမ္မာသန ပလ္လင်ပေါ်ထက်ဝယ် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော အမူအယာကိုဆောင်ပြီး သကာလ လူနတ်ဗြဟ္မာ သတ္တဝါပေါင်းများစွာတို့ကို ကုသိုလ်တရားတွေ မြောက်မြားစွာရစေလိုတဲ့ ဆန္ဒဖြင့် ဘာတရားဟောပါလိမ့်။

*(သူ့ကျွန်မခံ ပဲယ်တော်လှန်တရားပါဘုရား)*

ဟုတ်တယ်။ သူ့ကျွန်မခံနဲ့ဆိုတဲ့ တရားကို ဟောတာနော်။ ဘာကျွန်မခံနဲ့တဲ့လဲ။

*(သူ့ကျွန်မခံနဲ့ပါဘုရား)*

သူ့ကျွန်မခံနဲ့ဆိုတဲ့ တရားကို ဟောပါတယ်။ အဲဒီပရိသတ်ပေါင်း မြောက်မြားစွာတွေကိုလဲ ဘုရားရှင်က "ဘိက္ခုဝေ–ငါ၏ချစ်သား ရဟန်းတော်များတို့၊ ဘိက္ခုဝေ–ချစ်သား,ချစ်သမီးတို့၊ တုံမှေ–သင်ချစ်သား, ချစ်သမီးတို့သည်၊ အယံကာယော–တစ်လံ

http://www.dhammadownload.com



မျှလောက်ဖြစ်တဲ့ ဟောဒီခန္ဓာကိုယ်ထဲမှာ။ သန္တော သံဝိဇ္ဇမာနော–အမြဲမပြတ် ခန္ဓာကိုယ်ထဲမှာ တည်နေလျက်ရှိသော၊ ခဏခဏဝင်လာလျက်ရှိသော၊ တဏှာ ဒသော– တဏှာတည်းဟူသော ကျေးကျွန်ကို၊ သိန္ဒထ–ဖြတ်ကြကုန်လော့”

ချစ်သားတို့၊ ချစ်သမီးတို့–သံသရာကမ္ဘာလဆန်းတစ်ရက်က ငါဘုရားရှေ့မှောက်မှာ သင်တို့တရားနာရန် ရောက်လာတဲ့ အချိန်ထိ နှလုံးသားထဲမှာ အမြဲမပြတ်ဝင်လာလာနေတဲ့ တဏှာတဲ့ ပရိသတ်။

*(တင်ပါဘုရား)*

ဘာတဲ့လဲ ပရိသတ်။

*(တဏှာပါဘုရား)*

တရားကိုယ်ပြောလိုက်လို့ရှိရင် ရိုးရိုးလေး ပြောလိုက်လို့ရှိရင် “လောဘ”တဲ့နော်။ ဘာတဲ့လဲ။

*(လောဘပါဘုရား)*

http://www.dhammadownload.com



အဲဒီ လောဘဆိုတဲ့တရားကို ဘာလုပ်နိုင်းသလဲဆိုရင် ပယ်ကြလို့ မိန့်ပါတယ်။ ဘယ်လိုမိန့်သတဲ့လဲ။

*(ပယ်ကြလို့ မိန့်ပါတယ်ဘုရား)*

ဘယ်သူ့ကိုတဲ့လဲ။

*(တဏှာကိုပါဘုရား)*

လောဘဆိုတဲ့ တဏှာကို ပယ်ကြဟုတ်လား။ သူ့ကို မပေါင်းကြနဲ့တဲ့နော်။ "သူ့ကိုပေါင်းတော့ မှားတယ်ကွယ်၊ အပေါင်းမှားတော့ လည်ရတယ်" ဒီလိုပြောတယ်နော်။

*(တင်ပါဘုရား)*

လည်ရတယ်ဆိုတာက သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ရတာကို ပြောတာ။ ၃၁ ဘုံဆိုတာ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်နဲ့ ဗြဟ္မာဘုံ ၂၀ ပေါင်းလိုက်တော့ ၃၁ ဘုံနော်။ အပါယ်လေးဘုံဆိုတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ

http://www.dhammadownload.com



ရကာယ်ဆိုတဲ့ ဘုံလေးမျိုး။ ကောင်းရဲ့လား။

*(မကောင်းပါဘုရား)*

ကြောက်စရာကြီးနော်။ လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်ကို ကာမသုဂတိ (၇)ဘုံလို့ ခေါ်တယ်။ သုဂတိဘုံလို့ ပြောတာမှန်ပေမဲ့ အို နာ သေ မွဲ ကွဲ လွတ်ရဲ့လား။

*(မလွတ်ပါဘုရား)*

အို နာ သေ မွဲ ကွဲ ဆိုးကျိုးတရားတွေရှိတော့ ကောင်းရဲ့လား။

*(မကောင်းပါဘုရား)*

ဗြဟ္မာဘုံလဲ မသေရဘူးလား။

*(သေရပါတယ်ဘုရား)*

သေပြီးရင်းသေ၊ အထပ်ထပ်သေနေခဲ့ရတဲ့ ဘဝတွေဟာ အနည်းလား၊ အများကြီးလား။

*(အများကြီးပါဘုရား)*

http://www.dhammadownload.com



ဒီလို ကမ္ဘာလဆန်း တစ်ရက်နေ့ကနေ ဒီကနေ့ထိတိုင်တိုင် အိုပြီးရင်းအို၊ နာပြီးရင်း နာ၊ သေပြီးရင်းသေနဲ့ နေလာခဲ့ရတာတွေ ဟာ ဘယ်သူ့ရဲ့ လက်ချက်ကြောင့်တဲ့လဲ။

*(တဏှာရဲ့လက်ချက်ကြောင့်ပါဘုရား)*

တဏှာကို ခင်တွယ်နေခဲ့ကြလို့ မဟုတ်လား။ တစ်နည်းအားဖြင့် တဏှာနဲ့ပဲ ပေါင်းသင်း နေထိုင်လာခဲ့ကြလို့မဟုတ်လား။

*(တင်ပါဘုရား)*

ဘယ်သူ့ကို ပေါင်းနေခဲ့ကြလို့တဲ့လဲ။

*(တဏှာကိုပါဘုရား)*

## တဏှာအလို–အိုသည်မရှိ

ဒီတော့ ဘုရားရှင်က "သူ့ကိုပေါင်းတော့ မှန်တယ်ကွယ်၊ အပေါင်းမှန်တော့ စံရတယ်" ဒီလိုဆိုတယ်နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဘယ်သူ့ကို ပေါင်းရမလဲဆိုရင် "အလောဘ"တဲ့ ဟုတ်လား။ အလောဘဆိုတာ ကုသိုလ်ကောင်းမှုတွေလုပ်တာ၊ ကုသိုလ်ကောင်းမှု တရားလေးတွေကို ဆိုလိုတာ။ လိုချင်တပ်မက်မှုမရှိတဲ့ စိတ်ကိုဆိုလိုတာ။ ကုသိုလ်ကောင်းမှု တရားလေးတွေဆိုတာ ဒါနလုပ်ချင်တာ၊ သီလတွေ စောင့်ထိန်းချင်တာ၊ ဘာဝနာလို့ခေါ်တဲ့ သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားလေးတွေကို အားထုတ်ချင်နေတာ။ ဒီလိုကုသိုလ်ကောင်းမှုလေးတွေ ပြုလုပ်လိုတဲ့ စိတ်အာရုံတွေပေါ်မှာ ဘုံဘဝတွေပေါ်မှာ မတောင့်တ မလိုချင်တတ်တဲ့ အလောဘတရားကို ဆိုတာ ဟုတ်ကဲ့လား။

*(တင်ပါဘုရား)*

အလောဘစိတ်ဖြစ်တဲ့အချိန်မှာ တဏှာစိတ် ဖြစ်ပေါ်နိုင်ပါ့မလား။

*(မဖြစ်ပေါ်နိုင်ပါဘုရား)*

http://www.dhammadownload.com



ဒါဆိုရင် ဘုရားရှင်က ဘာကို ပယ်ခိုင်းတယ်။

*(တဏှာကိုပါဘုရား)*

ဘယ်သူ့ကျွန်အဖြစ်မှ လွတ်အောင်တဲ့လဲ။

*(တဏှာကျွန်အဖြစ်မှ လွတ်အောင်ပါဘုရား)*

ဘုရားရှင်က တဏှာ၏ကျွန်အဖြစ်မှ လွတ်အောင် ကြိုးစားကြကွယ်တို့...တဲ့။ တကယ်လို့ မကြိုးစားကြပါဘဲနဲ့ တဏှာခိုင်းတာကိုပဲ လုပ်နေကြမယ်ဆိုရင်တော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းများ တဏှာဆိုတော့ "ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ" ရယ်လို့လဲ ခွဲခြားထားတော့ ကျယ်သွားပြီနော။ ဒီထက်တစ်ခါ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာရယ်လို့လဲ ရှိလေတော့ ပိုကျယ်

http://www.dhammadownload.com



သွားပြန်ပြီ။ ဟုတ်လား။ ဒီထက်ပြောရင် တစ်ထောင့်ငါးရာတည်းဟူသော ကိလေသာတရားတို့သည် တဏှာ၏ လက်ချက်တွေပဲ။ တစ်ထောင့်ငါးရာနော်။ တစ်ကိုယ်လုံးမှာ နေလို့မရ၊ ထိုင်လို့မရ၊ အိပ်လို့မရ၊ စားလို့မရပါဘဲနဲ့ လူးလှိမ့်ပြီး ခံနေခဲ့ရတာတွေဟာ ဘယ်သူရဲ့လက်ချက်တွေတဲ့လဲ။

*(တဏှာရဲ့လက်ချက်ပါဘုရား)*

နားလည်ပြီမဟုတ်လား။ သောကတွေရင်ဝယ်ပိုက်ပြီး သကာလ ခဏခဏ ငိုကြွေးစေတဲ့ အကြောင်းရင်းမူလဟာ တဏှာကို ခင်မင် ပေါင်းသင်းလာနေခဲ့လို့မဟုတ်လား။

*(တင်ပါဘုရား)*

သားကိုအကြောင်းပြုပြီး ပူဆွေး ငိုကြွေးရတာဟာလဲ တဏှာ၏လက်ချက်နော်။ သားကွဲ၊ မယားကွဲ၊ ဆွေကွဲ၊ မျိုးကွဲတွေ အမျိုးမျိုးကွဲကွာပြီး သကာလ သုသာန်ထဲမှာ သွားပြီးတော့ ပူဆွေးငိုကြွေးနေကြရတာ

http://www.dhammadownload.com



ဟာလဲ တဏှာကခိုင်းတာ ပရိသတ် နော်။

*(တင်ပါဘုရား)*

ဘဝတစ်ခုလုံးကို ပျက်စီးစေလောက်အောင်ထိ ခိုင်းတတ်တာဟာလဲ ဘယ်သူတဲ့လဲ။

*(တဏှာပါဘုရား)*

တဏှာတဲ့ ဟုတ်ပြီလား။ အရှင်သခင်ကြီးနော။ ဘုန်းကြီးတို့ကို၊ ဒကာ,ဒကာမတို့ကို ခိုင်းလာခဲ့တာ ဟုတ်လား။

*(တင်ပါဘုရား)*

တဏှာဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာ ဒကာ,ဒကာမတွေ...။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အလောင်းတော်ဖြစ်ခဲ့စဉ်တုန်းက တစ်ဘဝမှာ အနားမှာရှိတဲ့ သူ့ရဲ့အခိုင်းအစေ တစ်ယောက်ကို ပညာသင်ပေးတယ်။ မတတ်ရှာဘူး။ မတတ်ပေမယ့် သူကလဲ သိပ်တာတော်ချင်တော့ အနားမှာ ခေါ်ထားတယ်။ ပြီး

http://www.dhammadownload.com



တော့...အေးကွ မင်းနားထောင်၊ မင်းဟာ ငါ့အမေကို မွေးစား ပြုစု။ အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေး။ ငါ့အမေဟာ အသက်ရှစ်ဆယ်ကျော်ပြီ။ မင်း အစစအရာရာ ပြုစုလုပ်ကျွေးကွာ။ ပြီးတော့ မင်းတွေ့ကြုံရတာမှန်သမျှ ငါ့ကိုပြန်ပြောပြရမယ်။ လာပြောရမယ်။ ဒီလိုသင်ထားတယ် ဟုတ်လား။

*(တင်ပါဘုရား)*

ဘုရားအလောင်းတော်ကလေ ဒီလိုသင်ထားတော့ သူတော်ကောင်းတို့ရေ၊ အမျိုးသားလေးက (၁၅)နှစ်အရွယ်၊ အဘွားကြီးက ရှစ်ဆယ်ကျော်အရွယ်ပေမယ့် ပြုပြင်ဖန်များလာခဲ့တဲ့အခါကျတော့ စိတ်ကတစ်မျိုးပေါက်လာတယ်။ ဟုတ်လား။ ဘာစိတ်ပေါက်လာတာတဲ့လဲ။

(... ... ...)

အေး...အဲဒီစိတ်ပေါက်လာတယ်။

http://www.dhammadownload.com



ကြောက်စရာကောင်းတယ်နော်။ ကြောက်စရာကောင်းတယ်။ ဟုတ်ကဲ့လား။ ဒီတော့ ၁၅ နှစ်သားအရွယ်လေးနဲ့ အသက် ရှစ်ဆယ်ကျော်အဘွားကြီး ဟုတ်လား။ ဩော် လောကကြီးမှာ ဒီတဏှာဟာ ကြောက်စရာကောင်းလိုက်တာ။ ဘုန်းကြီး ဟိုရန်ကုန်က ပြန်လာတုန်းက သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရတယ်။ နိုင်ငံခြားသတင်းစာတစ်ခုမှာ ဩစတြေးလျနိုင်ငံမှာ အမျိုးသမီးက ၉၂ နှစ်၊ အမျိုးသားက ၃၂ နှစ်တဲ့။ လက်ထပ်ကြတယ်။ ဟာ...သတင်းစာထဲမှာတွေ့တော့ ဩော်...ဘုန်းကြီးက အားရပါးရ ရယ်ချလိုက်တယ်။ ဩော်...ဘယ်သူ့မှာ မျက်စိမပါ။

(တဏှာမှာပါဘုရား)

ဘယ်သူ့နဲ့ပေါင်းလာတဲ့ တဏှာတဲ့လဲ ဆိုရင် အဝိဇ္ဇာနဲ့ပေါင်းထားသော တဏှာ။ ဒါဆိုရင် ဘုရားအလောင်းတော် အမေနဲ့ အဲဒီသူငယ်လေးနဲ့ ပြောကြ ဆိုကြတော့

http://www.dhammadownload.com



သူငယ်လေးက ပြောတယ်။ အမေနဲ့ ကျွန်တော့်ကြားမှာ သားရှိတယ်။ သားသိရင် ဖြစ်မှာမဟုတ်ဘူးဆိုတော့ အို...အဲဒါ ကိစ္စမရှိပါဘူး။ သားအိပ်နေတဲ့အချိန်မှာ ငါ သူ့ကိုသတ်မယ်။ ဒါမှ မင်းနဲ့ငါ ပျော်ပျော်ကြီးနေလို့ရမှာ။ ဒီလိုပြောတယ်နော်။ ကြည့်စမ်းပါဦး။ သားကိုတောင် သေကြောင်းကြံတယ်။ ကြည့်စမ်း...ကြည့်စမ်း။ ဘယ်သူ့ရဲ့ သတ္တိတဲ့လဲ။

*(အဝိဇ္ဇာတဏှာရဲ့ သတ္တိပါဘုရား)*

ခိုင်းပုံ ပရိသတ်တွေ။ သားကို တပည့်က အကုန်လုံးပြောပြတယ်။ ဆရာ့အမေကြီးက ဒီလိုပြောပါတယ်ဆိုတော့ အေးကွာ၊ ဟုတ်ပြီဆိုပြီး အိပ်ချင်ယောင် ဆောင်နေတယ်တဲ့။ အိပ်ချင်ယောင် ဆောင်တယ်ဆိုတာက ခုတင်မှာ ငှက်ပျောတုံးကြီး တစ်တုံးကို စောင်ခြုံသိပ်ထားပြီး သားက ဘေးက ချောင်းနေတာတဲ့။ အဘွားကြီးက မျက်စိ

http://www.dhammadownload.com



လဲ မမြင်ဘူး။ မမြင်လို့ သွားလာလို့ရအောင် တန်းလုပ်ပေးထားရတာကိုး။ ဒီတော့ အမေကြီးက ဓားတစ်ချောင်းကိုင်ပြီး ဝါးတန်းကလျှောက်ပြီးသွားတယ်တဲ့။ ပြီးတော့ သူ့သားအမှတ်နဲ့ ခုတ်လိုက်တာ သားမဟုတ်ဘဲ ငှက်ပျောတုံးဖြစ်နေတယ်။ ဘာအာရုံနဲ့ ခုတ်တာတဲ့လဲ။

*(တဏှာအာရုံနဲ့ပါဘုရား)*

*ကာမအာရုံနဲ့နော်။ ကာမဂုဏ်အာရုံ* ဆိုတာ ကြောက်စရာ သိပ်ပြီးတော့ ကောင်းတယ်။ လူကြီးလူငယ်ဆိုတာ မရှိဘူး ပရိသတ်။ ဒီ ဝိပဿနာတရား ခန္ဓာကိုယ်ထဲမှာ မကိန်းသေးသမျှ ကာလပတ်လုံး ပရိသတ်တို့ရေ ပျော်စရာကြီးလား၊ ကြောက်စရာကြီးလား။

*(ကြောက်စရာကြီးပါဘုရား)*

ဒီအာရုံက လောကပုထုဇဉ်သန္တာန်ထဲမှာ အပြည့်ရှိတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



မရှိဘူးလား။

*(ရှိပါတယ်ဘုရား)*

ဘာမကိန်းသေးရင်

*(တရားမကိန်းသေးရင်ပါဘုရား)*

တရားမကိန်းသေးလို့ရှိရင် ဒီအာရုံတွေ များများရှိတယ်။ ဒီတော့ သူ့သားကိုလည်း သတ်လိုက်ပေမဲ့ သူ့သားက မသေဘူး။ ဘာကြီးလဲဆိုရင် ငှက်ပျောတုံးကြီးဆိုတော့ သတိရလာတယ်။ ငါမှားပါပေါ့လားဆိုပြီး တော့ ထိုင်ချလိုက်တာနဲ့ ရင်ကွဲနာကျပြီး တော့ အဲဒီနေရာမှာ ပွဲချင်းပြီး သေပါတယ်။

*(တင်ပါဘုရား)*

ကြည့်စမ်း...ငါမှားပါပေါ့လားဆိုပြီး ငှက်ပျောတုံးမှန်းသိတော့မှ မှားမှန်းသိတာ။ သားက အောက်လိုက်တော့ သားအသံကြား တော့မှ ငါ ငါ့သားကို ပြစ်မှားမိပြီဆိုပြီး ငါ့သားသေပြီထင်ပါရဲ့ဆိုပြီးတော့မှ ဒိုင်းဆို သတိမေ့ပြီး သေပါရော။ ဟုတ်ကဲ့လား

http://www.dhammadownload.com



ပရိသတ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်သူခိုင်းတာ မလုပ်နဲ့တဲ့လဲ။

*(တဏှာခိုင်းတာ မလုပ်နဲ့ပါဘုရား)*

## မှန်းချက်နှင့် နှမ်းထွက် မကိုက်ပါ

တဏှာက ဘယ်သူနဲ့တူသလဲဆိုရင် အရှင်သခင်နဲ့တူတယ်။ ဟုတ်ကဲ့လား။ ဘယ်တုံးကများ သူခိုင်းတာ လုပ်လာခဲ့သလဲဆိုရင် "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသရောတိ၊ ပုဗ္ဗာဂ္ဂေါတိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ တဏှာ သံယောဇနာနံ သန္ဓာဝိဇ္ဇာ သံသရိတိယံ"တဲ့။ အနမတဂ္ဂသုတ်ထဲမှာ ဘယ်သူနဲ့ ဘယ်သူ ပရိသတ်။

*(အဝိဇ္ဇာနဲ့ တဏှာပါဘုရား)*

အဝိဇ္ဇာနဲ့ တဏှာတဲ့။ နီဝရဏတရားလေ ပိတ်ဆို့တတ်တယ်နော်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တားမြစ်တတ်တဲ့ အကုသိုလ်

http://www.dhammadownload.com



စိတ်နော်။ ဒီအကုသိုလ်တရားမှန်သမျှတွေကို ဘုရားရှင်က ဘာလုပ်ရမယ်လို့ မိန့်ပါလိမ့်။

*(ဖယ်ရမယ်လို့ မိန့်ပါတယ်ဘုရား)*

ပြင်းထန်လွန်းလို့နော်။ အာရုံတွေ အလွန်တရာ ကြောက်စရာကောင်းလွန်းလို့ ဒီအာရုံမှန်သမျှတွေကို ဘာလုပ်ခိုင်းတယ် ပရိသတ်။

*(ပယ်ခိုင်းပါတယ်ဘုရား)*

ပယ်ကြကွယ်တို့တဲ့။ အဆိပ်တွေလို့ ပြောတယ်။ ဘယ်လိုပြောတယ်တဲ့လဲ။

*(အဆိပ်တွေပါဘုရား)*

အဆိပ်တွေဆိုတော့ တွေ့ထိမိရင် အဆိပ်တက်တာပေါ့ ဟုတ်လား။ နားလည်တယ်နော်။ အဲဒီ ကာမဂုဏ်အာရုံနောက်ကို လိုက်စားမိတဲ့ ပုဂ္ဂိုလ်မှန်သမျှတွေဟာ ဒကာ, ဒကာမတွေ ဆင်းရဲမှာလား၊ ချမ်းသာမှာလား။

*(ဆင်းရဲမှာပါဘုရား)*

http://www.dhammadownload.com



ဆင်းရဲတယ်။ ဘုရားက ဘယ်လောက် ပြောပြခဲ့သလဲဆိုရင် ဥပမာအားဖြင့် ချွေးပိန်မလေးဟာ အရိုးကိုကိုက်နေတယ်။

*(တင်ပါဘုရား)*

သင်ရည်လေးထွက်တာကိုပင် သူက အသားထွက်နိုးနိုး ထွက်နိုးနိုးနဲ့။ အသားက ထွက်မလာဘိသကဲ့သို့တဲ့။ ပြီးတော့ မြွက်မီးရှူးကြီးကဲ့သို့တဲ့။ ကာမဂုဏ်အာရုံဟာလေ မြွက်မီးပုံကြီး တစ်ပုံကဲ့သို့ မြွက်ခြောက်တွေ စုထားတယ်။ မီးရှို့တော့ ခဏလေးနဲ့ လောင်ကျွမ်းသွားတယ် ပရိသတ်။

*(တင်ပါဘုရား)*

မလောင်ဘူးလား။

*(လောင်ပါတယ်ဘုရား)*

အဲဒီအတိုင်းပါပဲတဲ့။ အနှစ်သာရ ရှိသလား။

*(မရှိပါဘုရား)*

http://www.dhammadownload.com



ဟုတ်သလိုလိုနဲ့၊ ချမ်းသာနိုးနိုးနဲ့ လောဘအာရုံ၊ ဒေါသအာရုံ၊ မောဟအာရုံ ဒီအာရုံတရားတွေကို လိုက်စားပြီး၊ လိုက်စားမိတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် ချမ်းသာရမှာလား၊ ဆင်းရဲရမှာလား။

*(ဆင်းရဲမှာပါဘုရား)*

ပြီးတော့ ကျီးကန်းတစ်ကောင်ဟာ အသားတုံးလေးကို ကိုက်ပြီး သကာလ ပျော်စရာကြီးပဲ ပျော်စရာကြီးပဲလို့ ပြောပြီးတော့ အာအာ...လို့ အော်သွားရှာတယ်။ ပတ်ဝန်းကျင်ကျီးတွေကကြားတော့ ဟာ ဒီကောင် အစာရသွားပြီ၊ ကဲ...လိုက်ကြ၊ ကိုက်ကြ။ ဝိုင်းပြီး ဟိုကလိုက်ဆိတ်၊ ဒီကလိုက်ဆိတ်နဲ့ ဆိတ်ဖန်များတော့ မနာဘူးလား။

*(နာပါတယ်ဘုရား)*

နာတော့ ပါးစပ်ထဲက ဘာပြုတ်ကျတယ်။

*(အသားပါဘုရား)*

http://www.dhammadownload.com



အသားတုံး ပြုတ်ကျအောင်ထိ အကိုက်ခံရတာဟာ ဒီသားတစ်ကိုလိုချင်တဲ့ တဏှာကြောင့် မဟုတ်လား။

*(တင်ပါဘုရား)*

သားတစ်ပြုတ်ကျတော့ ကိုယ်ကြသေးရဲ့လား။

*(မကိုက်ကြတော့ပါဘုရား)*

ဒီတော့ ဒီသားတစ်တည်းဟူသော ကာမဂုဏ်အာရုံဟာ ဆင်းရဲစေသလား၊ ချမ်းသာစေသလား။

*(ဆင်းရဲစေပါတယ်ဘုရား)*

အသားတုံးရတော့ ကောင်းနိုးနိုးနဲ့ တကယ်ကောင်းရဲ့လား။

*(မကောင်းပါဘုရား)*

ဒါပေမဲ့ အသားတုံးကို လိုချင်တာဟာ ဘာရဲ့စွမ်းရည်သတ္တိတဲ့လဲ။

*(တဏှာရဲ့ စွမ်းရည်သတ္တိပါဘုရား)*

http://www.dhammadownload.com



# နယ်ချဲ့တော်လှန် ဓမ္မဉာဏ်

တဏှာရဲ့စွမ်းရည်သတ္တိနော်။ ကဲ... ကြည့်၊ ဒါကြောင့်မို့လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တဏှာတရားသည် အလွန်တရာမှ ကြောက်စရာကောင်းတယ်။ အဲဒီတဏှာတရားက မျက်စိလှည့်ပေးတဲ့အတွက်ကြောင့် ပုထုဇဉ်မှန်သမျှ အနန္တတို့သည် အပါယ်လေးဘုံကို ရောက်ကြရပါသည်တဲ့။

*(တင်ပါဘုရား)*

ဘယ်ကိုရောက်ရတာတဲ့လဲ။

*(အပါယ်လေးဘုံကိုပါဘုရား)*

တကယ်လို့ အပါယ်လေးဘုံ ရောက်ရပြန်တော့လဲ သောကတွေ ရင်ဝယ်ပိုက်ပြီး သကာလ ပရိဒေဝမီးတွေ မလောင်ရဘူးလား။

*(လောင်ရပါတယ်ဘုရား)*

http://www.dhammadownload.com


သားကိုအကြောင်းပြုပြီးတော့ ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ ဒကာမကြီးတွေကလည်းပဲ ဒကာကြီးတွေကို အကြောင်းပြုပြီးတော့ ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ အနည်းလား၊ အများကြီးလား။

*(အများကြီးပါဘုရား)*

ဒကာကြီးတွေကလည်းပဲ ဒကာမကြီးတွေအပေါ်မှာ တပ်မက်နှစ်သက်မှုအာရုံကြောင့် ခင်တွယ်ပြီး ကျနေရတဲ့ မျက်ရည်တွေသည် နည်းနည်းလား၊ အများကြီးလား။

*(အများကြီးပါဘုရား)*

စဉ်းစားလိုက်စမ်း၊ အများကြီးပဲ။ ရေတွက်လို့ မကုန်နိုင်လောက်အောင်ထိ များပြားခဲ့တာဟာ ဘယ်သူ့ရဲ့ စွမ်းအားသတ္တိတဲ့လဲ။

*(တဏှာရဲ့စွမ်းအားသတ္တိပါဘုရား)*

ဘုရားရှင်က တဏှာကိုတော်လှန်ကြ၊ ဒီလိုပြောတယ်။ ဟုတ်လား။ မင်းတို့

http://www.dhammadownload.com


တကျောလက်မှာ ကျွန်မခံကြနဲ့ဟဲ့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောဖော်ညွှန်ပြနေတဲ့ အခါကာလမှာ မင်းကြီးရဲ့သမီးတော် သုမေဓာလေးလည်း ပါနေတယ်။ ရှံမွှေတော် ငါးရာတို့ဖြင့် ပျော်ပျော်ပါးပါး တရားလာနာတော့ ဘယ်အရွယ်လဲဆိုရင် (၁၆) နှစ် အရွယ်နော်။ ရှံမွှေတော်ငါးရာတို့ဖြင့် ပျော်ပျော်ပါးပါး တရားလာနာတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်သူ့ကို တော်လှန်ခိုင်းပြီ။

*(တကျောကိုပါဘုရား)*

တကျောကိုတော်လှန်ဖို့ ခိုင်းတယ်နော်။ ဒီတကျောကို တွေ့ပြီဆိုရင် ရပ်မနေကြနဲ့။ သူခိုင်းတာလဲ မလုပ်ကြနဲ့။ သတိတရားနဲ့ ရှုမှတ်ခြင်းဖြင့် သူ့ကိုတော်လှန်ကြလို့ မခိုင်းဘူးလား။

*(ခိုင်းပါတယ်ဘုရား)*

ခိုင်းတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတဲ့အသံရယ်၊ သုမေဓာမင်းသမီး

http://www.dhammadownload.com


လေးရဲ့ သန္တာန်မှာရှိတဲ့ နှလုံးသားတည်း ဟူသော စိတ်အစဉ်လေးရယ် နှစ်ခု တိုက် ဆိုင်တယ်နော်။ တိုက်ဆိုင်တဲ့အခါကျတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသံ တော်က အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံနေတယ်။ အသံတော်ဟာလဲ သာယာကြည်လင်၊ တရား ကလဲ အနှစ်၊ နာတဲ့နားကလဲ အသစ်နဲ့တွေ့ တော့ အနှစ်သာရတရားပြည့်တဲ့ အာရုံလေး ကို စိတ်ထဲမှာထုံလို့။ ဪ...မြတ်စွာ ဘုရား ကိုယ်တော်မြတ်ကြီးက "သူ့ကျွန် မခံနဲ့၊ သူ့ကျွန်မခံနဲ့"ဆိုပါလား။ တဏှာက ခိုင်းသမျှတွေကို လုပ်လာခဲ့ကြတာ ဆိုပါ လား။ တဏှာခိုင်းသမျှ လုပ်လာခဲ့လို့ အပါယ်လေးဘုံ စတဲ့ ခန္ဓာအထပ်ထပ် ရနေ ကြတာဆိုပါလား။ အို နာ သေတွေ ရနေ ကြတာဆိုပါလား။ ဟော...မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီး ပွင့်တော်မူတဲ့ သာသနာမှာ လူဖြစ်ဖို့ဆိုတာ ခက်ခဲတယ်။ နန်းတော်မှာ ငါဟာ ဘုရင်ရဲ့သမီးတော်

http://www.dhammadownload.com



လေး ဖြစ်တယ်။ ရှိစေတော့။ ဝတ်ကြောင် ပုဆိုး ကောင်းကျိုးမပေးနိုင်ဘူး။ ငါ တော်လှန်မယ်။ စိတ်ထဲမှာလေ။ ဟော...ဘာကို တော်လှန်မယ်တဲ့။

*(တဖျာကိုပါဘုရား)*

တော်လှန်ဖို့စိတ်မွေးလိုက်တယ် ပရိသတ်။ တော်လှန်ရေးသမားနော်။ ဘာကို တော်လှန်မှာတုံး။

*(တဖျာကိုပါဘုရား)*

## မှော်ရုံတောမှ လွတ်ရန်းတော်လှန်

အေး...လောဘအာရုံကို တော်လှန်မယ်။ ဒေါသကိုတော်လှန်မယ်။ မောဟကို တော်လှန်မယ်။ ဘဝသံသရာမှာ ခန္ဓာကိုယ်ကို ရစေတဲ့ အကြောင်းတရားမှန်သမျှ သမုဒယသစ္စာမှန်သမျှကို တော်လှန်မယ်။ ရှင်းတယ်မဟုတ်လား။

*(တင်ပါဘုရား)*

http://www.dhammadownload.com



အဲဒီတော့ တရားနာပြီး ပြန်သွားပင်ငြားသော်လည်း ဒကာ,ဒကာမတွေ စိတ်ထဲမှာ ဘယ်အာရုံက မလွတ်နိုင်။

*(တရားအာရုံကပါဘုရား)*

တရားအာရုံက မထွက်နိုင်ဘူးတဲ့။ နန်းတော်ကိုသာ ပြန်လာရတယ်။ စိတ်ထဲမှာ ခေါင်းကလေးညိတ်ပြီးတော့ ဘုရားရှင်ဟောတဲ့ တရားတွေ မှန်လိုက်တာ၊ မှန်လိုက်တာ။ ငါ့ခန္ဓာမှာရှိတဲ့ တရားတွေကို ဟောတာပဲ။ အင်း...တဏှာအာရုံ လိုက်စားတဲ့ပုဂ္ဂိုလ်များဟာ သားတစ်ကို ချီသွားသလိုဆိုပါလား။ အရိုးကိုကိုက်နေတဲ့ ခွေးပိန်လေးလို့ ဆိုပါလား။ ဟုတ်လိုက်တာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့အပေါ်မှာ ငါ အမြစ်တွယ်တာ ကပ်ငြိပြီးတော့နေတာဖြင့် ခွေးပိန်မနဲ့တူတဲ့ ငါပါလား...လို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုထင်နေတယ်။

*(ခွေးပိန်မလေးလို့ပါဘုရား)*

http://www.dhammadownload.com



အင်း...အရိုးကိုက်နေတဲ့ ခွေးပိန်မလေးလို့ မိမိကိုယ်ကို နှိမ့်ချပြီးမြင်နေတာ။ နော်...ဘယ်လိုမြင်နေတာ။

(နှိမ့်ချပြီး မြင်နေပါတယ်ဘုရား)

နှိမ့်ချထားတာ ဟုတ်လား။ ကျုပ်တို့ ဒကာ,ဒကာမတွေများ နှိမ့်ချဖို့ အိပ်မက် မက်ဖူးရဲ့လား။

(... ... ...)

အိပ်မက်ပြောတာ။ ခွေးနဲ့တူလိုက်တာ။ ခွေးက အရိုးကို ကိုက်ဝါးနေသလိုပဲလို့ ကိုယ့်ကိုယ်ကိုယ်များ ဒီလိုများ တွေးဖူးကြရဲ့လားနော်။

(... ... ...)

တွေးဖူးကြသလား။

(... ... ...)

မတွေးဖူးပါဘူး...ဟုတ်လား။ ဟော ဟိုမှာ တွေးနေတာက ဘုရင်ရဲ့သမီးတော် နော်။ အသက်က ၁၆ နှစ်သမီးလေး။

http://www.dhammadownload.com



ဘုရင်ရဲ့နန်းတော်မှာ ပျော်ပျော်ပါးပါးနဲ့ ရံရွေတော်မြောက်မြားစွာနဲ့ ပျော်စရာတွေနဲ့ ပြည့်လျှံနေတဲ့ အမျိုးသမီးလေး။ ဒီနေ့ ဘယ်သူ့အကြောင်း သိလာပြီ။

*(တဏှာအကြောင်းကိုပါဘုရား)*

လောဘတဏှာအကြောင်းကို သိလာတယ်။ ဒီတော့ နန်းတော်လဲရောက်ရော ဖခမည်းတော်အနားကိုကပ်၊ မယ်တော်ကြီးရဲ့ အနားကိုကပ်ပြီးတော့ အလယ်မှာ သွားထိုင်တယ်။ စိတ်ထဲမှာ အာရုံယူထားနော်။

*(တင်ပါဘုရား)*

ယူထားပလား၊ ဘယ်သူ့ကြားထဲမှာ။

*(မိခင်နှင့် ဖခင်ကြားမှာပါဘုရား)*

မိဘနှစ်ပါးရဲ့ အလယ်မှာ သွားထိုင်တယ်။ ဟုတ်ပြီနော်။ တွေ့ပလား။ အချို့က စိတ်ထဲမှာ မရောက်ဘူး။ စိတ်ထဲမှာ မြင်အောင်ကြည့်ထားရတယ်။ တရားနာလို့ ရှိရင် စိုက်ပြီးတော့၊ ဝတ္ထုသာဓကတွေ ပြော

http://www.dhammadownload.com



ပြလို့ရှိရင် ဘယ်လိုဘယ်လို စသည်ဖြင့် ရုပ်လုံးပေါ်အောင် ပြောပြလို့ရှိရင် စူးစိုက်ပြီးတော့ နားထောင်ရတယ်။ ဟုတ်လား။ မိမိသန္တာန်ထဲမှာ ရုပ်လုံးပေါ်လာအောင် မိမိရဲ့ ဇောစိတ်ကလေးကို ဈာန်ဝင်စားထားရတယ်။ ဒါမှ ဒကာ,ဒကာမတွေအတွက် မှတ်တမ်းတင်လို့ရတယ်။ နှလုံးသားထဲမှာ ထိတယ်။ နားလည်ပြီနော်။ အဲသလို မိဘနှစ်ပါးရဲ့ အလယ် ကြားထဲမှာထိုင်ပြီးတော့ အဖေ့ မျက်နှာလှမ်းကြည့်၊ ပြီးရင် အမေ့ မျက်နှာ လှမ်းကြည့်။ ဒီတော့ မိဘနှစ်ပါးက ပြုံးတယ်။ ဟ...သမီးလေး ဘာဖြစ်ချင်လို့လဲ သမီးလေးရဲ့၊ ဘာလိုလို့လဲ၊ မျက်နှာလည်း မသာယာပါလားလို့ မေးလိုက်တဲ့ ခါကျတော့ "ဟုတ်ကဲ့ပါ မိခင် ဖခင်တို့တဲ့။ သမီးကိုချစ်ပါသလား" ဒီလိုပြန်ပြီး မေးတယ် ပရိသတ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဆန်းကြယ်တယ်နော်။ သမီးကို ချစ်ပါသလားဆိုတော့ ဘယ်ပြောကောင်းမလဲ ဒကာ,ဒကာမတို့၊ မိဘများကလေ ဟာ... ဘယ်လိုပြောလိုက်ပါလိမ့် သမီးရယ်၊ ဒီသမီးလေး တစ်ယောက်တည်းရှိတာ "သိပ်ချစ်တာပေါ့" ဟုတ်လား။

*(တင်ပါဘုရား)*

သိပ်ချစ်တာပေါ့ သမီးရယ်၊ မျက်စိအောက်က အပျောက်မခံချင်ရလောက်အောင် ချစ်ပါတယ်။ ဒီလိုမဟုတ်လား ပရိသတ်။ ဒါကြောင့်မို့လို့ မိဘများဟာ ဘယ်လောက်ပင် ပင်ပန်းပင်ပြားသော်လည်း သားသမီးများရဲ့ မျက်နှာကို မြင်လိုက်ရလို့ရှိရင် စိတ်ဘဝင်ဟာ ရွှင်လန်းချမ်းမြေ့သွားတယ်တဲ့။ မချမ်းမြေ့ဘူးလား။

*(ချမ်းမြေ့ပါတယ်ဘုရား)*

ဒါကြောင့်သာ "သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်

http://www.dhammadownload.com



ကျကာ၊ မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း” သားသမီးတွေအပေါ်မှာ မိဘများဟာ သိပ် မြတ်နိုးပါတယ်။ သို့သော်လည်း ကောင်း သောနေရာနဲ့ မကောင်းသေနေရာများမှာ များသောအားဖြင့် မကောင်းသောနေရာကို ပို့တတ်တယ်။ ပို့တတ်တယ်ဆိုတာက တကယ် တန်းဆိုရင်တော့ ချမ်းသာမယ်ထင်လို့ ပို့ တာပါ။ လောကမျက်စိနဲ့ပေါ့လေ။ ဒါပေမဲ့ ဘုရားရှင်ရဲ့ အလိုကျ ဉာဏ်မျက်လုံးနဲ့ ပြောရင်တော့ မကောင်းသောနေရာပေါ့။ ချစ်လွန်းလို့ ပို့ကြတာပါ။ အကောင်းဆုံး နေရာဆိုပြီး ပို့လိုက်ကြတာပဲ။ သို့သော် အဲဒါက လောကီမျက်လုံးနဲ့ကြည့်ပြီး ပြော တတ်ကြတာ ဟုတ်လား။ လောကုတ္တရာ မျက်လုံးနဲ့ ကြည့်တတ်သူကတော့ ရှားပါ တယ်။ ဒီတော့ သမီးတော်က မိဘတို့ကို ဘာပြောသလဲဆိုရင်–

သမီးကိုချစ်ရင်ဖြင့် ဘဘုရားရှင်ရဲ့ သာသနာတော်ထဲကို ပို့ပေးပါ၊ ဘိက္ခုနီမ

http://www.dhammadownload.com



လုပ်ပါရစေလို့ ခွင့်တောင်းတာ။ ဟုတ်လား။ မိဘနှစ်ပါးဟာ ဒီလိုစကားလုံးလဲ ကြားလိုက်ရရော ရင်ဝမှာ လှံစူးသလို ခံစားရတယ်နော်။ ဒီတော့ ချက်ချင်းပဲ "သမီး၊ ဒီစကားမျိုးတော့ မပြောပါနဲ့သမီးရယ်၊ တခြား ဘာဖြစ်ဖြစ် လုပ်ပေးပါ့မယ်"လို့ ဘယ်လောက်ပင် ပြောပင်ပြောငြားသော်လည်း မရပါဘူး။ နောက်ဆုံးတော့ ဒကာ, ဒကာမတွေ ဘာပြောသလဲဆိုတော့ "ငါ့သမီး၊ သမီးကိုလေ သာဂရပြည်မှာရှိတဲ့ အနိဂါရဆိုတဲ့ မင်းသားနဲ့ စေ့စပ်ကြောင်းလမ်းထားပါပြီ။ သူ့ရဲ့လက်ဆောင်ပဏ္ဏာကိုလည်း ဖခမည်းတော် ခံယူထားပါပြီသမီး။ ဒါကြောင့်မို့လို့ သင်သည် မိဖုရားကြီးပဲ လုပ်ရမယ်။ မိဖုရားကြီးဖြစ်ရမှာ ပျော်စမ်းပါ သမီးရယ်"လို့လဲ ပြောလိုက်ရော ဒကာ, ဒကာမတွေ၊ နန်းရင်ပြင်မှာ တစ်ခါတည်း အိပ်ချလိုက်တာနော။

(တင်ပါဘုရား)

http://www.dhammadownload.com



## ရွှေတောင်မထင် မီးရောင်မြင်

ချက်ချင်းလှဲချလိုက်တာ။ ခန္ဓာကိုယ်ကြီးကိုလေ။ လောကကြီးကို ပျော်လို့လား၊ ကြောက်လို့လား။

*(ကြောက်လို့ပါဘုရား)*

ကြောက်လို့နော။ နှလုံးသားထဲမှာ ဘာဖြစ်သွားသလဲဆိုရင် အပူမီးလောင်သွားတာ။ သြော်...လောကကြီးမှာ ငါ ဒုက္ခရောက်ပါပေါ့လား၊ ဒုက္ခတွေများပါပေါ့လားလို့ စိတ်ထဲမှာ ခံစားပြီးသကာလ စကားမပြောတော့ဘူးတဲ့။ နော်...ပရိသတ်တို့ရေ၊ လောကီအနေအားဖြင့်ဆိုရင် မိဖုရားဆိုတာ တော်ရုံလူ ဖြစ်နိုင်ပါ့မလား။

*(မဖြစ်နိုင်ပါဘုရား)*

တော်ရုံလူကလဲ စွန့်လွှတ်နိုင်ပါ့မလား။

*(မစွန့်လွှတ်နိုင်ပါဘုရား)*

ပါရမီရှင်မလေးဆိုတော့ အဖေ,အမေတို့ သမီးကို ဟောဒီဘုရားကျောင်းတော်မှာ

http://www.dhammadownload.com



ဘိက္ခုနီမဝတ်ခွင့် မပြုမချင်း သမီး ဘယ်တော့မှ အိပ်ရာက မထတော့ဘူးဆိုပြီး ဆန္ဒပြတယ် ပရိသတ်။

*(တင်ပါဘုရား)*

ဘာပြတာတဲ့လဲ။

*(ဆန္ဒပြပါတယ်ဘုရား)*

ဘယ်ခေတ်ကလဲဆိုရင် ဟို ဘုရားရှင်လက်ထက်ကမို့လို့နော်။ အခုဆိုရင် သာသနာဟာ နှစ်ထောင့်ငါးရာတောင် ကျော်သွားပြီနော်။ ဟုတ်ကဲ့လား။ ။ဒီသုမေဓာလေးဟာ မိဘကိုဆန္ဒပြတာ မစားမသောက်ပြတာ။ နေဖန်များလာတော့ မိဘများက ကြည့်ရတာ စိတ်ဆင်းရဲလာတယ်။ စိတ်မကောင်းဖြစ်လာကြတယ်။ ၄,၅ ရက် ဖြစ်လာတော့ မင်းသားကို အကူအညီအဖြစ်နဲ့ လှမ်းခေါ်ကြတယ်။ အနိဂါရိက မင်းသားရောက်ရှိလာလေတော့ ဒူးလေးထောက်ပြီးတော့...အေးလ ချစ်နှမ သုမေဓာ၊ ထစမ်း

http://www.dhammadownload.com



ပါ နှမရဲ့၊ နင်ဟာ တကယ်လို့များ ငါ့ရဲ့ နောက်က လိုက်လာလို့ရှိရင် တောင်ညာစံ ဒေဝီ မိဖုရားအဖြစ် သင့်ကို ငါထားမယ်။ ဘာမှပူပင်စရာမရှိပါဘူး ညီမရယ်၊ သင် ဘာမှလုပ်စရာမလိုပါဘဲနဲ့ ချမ်းချမ်းသာသာ နဲ့ လောကီအာရုံ ကာမဂုဏ်တွေ ခံစားပြီး တော့ နေစမ်းပါ။ ထမင်းပါဦးလို့ လှမ်းပြီး တော့ လက်ကလေးကို ဆွဲမလို့ ကြံလိုက် တဲ့အခါကျတော့ သုမေဓာလေးဟာ ချက် ချင်းပဲ နှစ်ပတ်,သုံးပတ် လှိမ့်ချလိုက်ပြီး တော့ လှည့်လိုက်ပါတယ်။ ပြီးတော့ အနားမကပ်နဲ့ဆိုပြီး လက်ကာပြတယ်။

အနားမကပ်ကြပါနဲ့။ လောကကြီး၊ သိပ်ပြီး ပူလောင်တယ်။ သင်တို့ရဲ့သန္တာန် ကို ကြည့်ရတာ ပူလောင်လို့ အနားမကပ် ပါနဲ့။ ဒီလိုဆိုတယ်နော။

*(တင်ပါဘုရား)*

ပူတယ်တဲ့ ပရိသတ်များ။

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



ဘယ်အာရုံက ပူတာတဲ့လဲ။

*(ကိလေသာအာရုံကပါဘုရား)*

## ခေါင်းညိတ်–ခေါင်းခါ

ကိလေသာအာရုံသည် ပူတယ်။ သူတော်ကောင်းစိတ်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ ကိလေသာဓာတ်နဲ့ ညှို့မယ်ဆိုလို့ရှိရင် ညှို့စကားပြောရင် ပူတယ် ပရိသတ်များ။

*(တင်ပါဘုရား)*

အခံဓာတ်က မလိုလားဘူး။ ခေါင်းခါတယ်။ နားလည်ပြီမဟုတ်လား။

*(တင်ပါဘုရား)*

ခေါင်းညိတ်တတ်တယ်။ ခေါင်းခါတတ်တယ်။ ဟော...သုမေဓာလေးက ဘာတတ်သလဲဆိုရင် ခေါင်းညိတ်တတ်တယ်။ ခေါင်းခါဖို့တတ်တယ်။ နားလည်တယ်နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဘယ်လိုနေရာမျိုးတွေမှာ ညိတ်တတ်၊ ခါတတ်သလဲဆိုရင် မကောင်းမှုအကုသိုလ် လုပ်ရမှာမျိုးကျတော့ ခေါင်းခါတတ်တယ် နော်။ ကုသိုလ်ကောင်းမှုတရားလေးနဲ့ ပတ်သက်လာလို့ရှိရင် ခေါင်းညိတ်တယ်။ နားလည်ပြီနော်။

*(တင်ပါဘုရား)*

ကျုပ်တို့ ဒကာ,ဒကာမတွေ ခေါင်းညိတ် ခေါင်းခါတတ်ပြီလား။

*(တင်ပါဘုရား)*

ဟုတ်တယ်။ ကုသိုလ်နဲ့ ပတ်သက်လာလို့ရှိရင် ဟော သုမေဓာလေးက ဘာလုပ်တယ်။ ခေါင်းညိတ်တယ် ဟုတ်လား။

*(တင်ပါဘုရား)*

အကုသိုလ်နဲ့ပတ်သက်လာလို့ရှိရင် ဘာလုပ်တယ်။

*(ခေါင်းခါပါတယ်ဘုရား)*

http://www.dhammadownload.com


အဲဒါ ဘယ်သူတဲ့လဲ။

*(သုမေဓာပါဘုရား)*

## တရားကိုစွဲ အသက်နှင့်လဲ

သုမေဓာအမျိုးသမီးလေးနော်။ ကြည့်စမ်းပါဦး၊ သုမေဓာလေးက မိဘနှစ်ပါးတို့နား ထထိုင်တယ်။ မိဘနှစ်ပါးရဲ့ ရှေ့က မင်းသားလေးကို အမောင်မင်းသားလည်း နားထောင်ပါ။ "လောကမှာ လောကီအာရုံ ကာမဂုဏ်တရားတို့သည် စက်ဆုပ်ဖွယ် ကောင်းလှပါတယ်။ ငါတို့ရဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောဖော်ညွှန်ပြလိုက်တဲ့ တရားလေးတွေ နားထောင်ကြစမ်းပါ။ ဖခမည်းတော်တို့၊ မယ်တော်တို့ နားထောင်ကြစမ်းပါ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို့ ဟောတော်မူပါတယ်။

http://www.dhammadownload.com



ခန္ဓာကိုယ်ကို ဘာသစ္စာလို့ ဟောတာတဲ့လဲ ပရိသတ်။

*(ဒုက္ခသစ္စာလို့ပါဘုရား)*

ဒုက္ခသစ္စာ ဆင်းရဲတဲ့တရားတွေပဲတဲ့။ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသမျှတို့သည် ပရိသတ် အပေါင်း သူတော်ကောင်းတို့ရေ...ဘာဖြစ်သလဲဆိုရင် ဆင်းရဲတယ် ဟုတ်လား။

*(တင်ပါဘုရား)*

ဆင်းရဲတယ်နော်။ ဘယ်လောက်တောင် ဆင်းရဲရသလဲဆိုရင် ဘယ်သူမှ မအိုချင်ပါဘဲနဲ့ ခဏာခဏာ ရောဂါဝေဒနာတွေဖြစ်ပြီး နေကြရတယ်။ မသေချင်ပါဘဲနဲ့ ခဏာခဏာ သုသာန်ကို ပို့ပို့နေကြရတယ်။ ဒါပေမဲ့ မိဘာ နှစ်ပါးနဲ့တကွ အနိုဂါရိက မင်းသားတို့က ဘဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူလိုက်သော ခန္ဓာကိုယ်ကြီးကို 'သုခသစ္စာ' လို့ သိတယ်။ ဒါကြောင့် သင်သည် ဘယ် လောက်ပင် လောကီအာရုံ ကာမဂုဏ်တွေနဲ့

http://www.dhammadownload.com



ဘယ်လောက်ပင် ပြောပြောပြောင်ပြောင်ပြောင်းသော်လည်း သင်တို့စကားကို ငါ နားမထောင်။ ငါသည် သေသွားပါစေ။ ဤနေရာက မထတော့ဘူး။ ဟုတ်ကဲ့လား ဒကာ,ဒကာမတွေ။

(တင်ပါဘုရား)

အသေခံတယ်ပရိသတ်။ ဘယ်လောက်သတ္တိကောင်းသလဲ ကြည့်စမ်း။ ကျုပ်တို့ ဒကာ,ဒကာမများ ဒီစိတ်ပေါ်နိုင်ပါ့မလား။

(မပေါ်နိုင်ပါဘုရား)

ပါရမီချင်းမှ မတူဘဲကိုး။ ဟုတ်လား။ တကယ့်ပါရမီရှင် သတ္တိရှင် အာဇာနည်လို့ ခေါ်တယ်။

(တင်ပါဘုရား)

လောကမှာ အာဇာနည် ဒီလိုလူတွေရှားတယ်နော်။ သဒ္ဓါတရားပြည့်ဝတာ အစလသဒ္ဓါ၊ မတုန်လှုပ်သောသဒ္ဓါတရားလို့ ခေါ်တယ်။ မတုန်လှုပ်တဲ့ သဒ္ဓါတရား သူ့သန္တာန်မှာရှိတယ်။ လောကီအာရုံနဲ့ ပတ်

http://www.dhammadownload.com



သက်လာလို့ရှိရင် လိုလားခြင်းမရှိ ကြောက်တယ်။ ရွံတယ်။ စက်ဆုပ်တယ်။ မစင်ဘင်ပုတ်လို့မြင်တယ်။ ပရိသတ် နားလည်ပြီနော်။

*(တင်ပါဘုရား)*

ဘာရှိတဲ့ပုဂ္ဂိုလ်တဲ့လဲ။

*(မတုန်လှုပ်တဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)*

သဒ္ဓါအားကောင်းတဲ့ ပုဂ္ဂိုလ်။ နားလည်ပြီမဟုတ်လား။

*(တင်ပါဘုရား)*

ကျွတ်တန်းဝင်မယ့် ပုဂ္ဂိုလ်တွေ။ ဒုက္ခတွေ ငြိမ်းမယ့် ပုဂ္ဂိုလ်တွေဆိုရင် လောကီအာရုံ ကာမဂုဏ်နဲ့ ပတ်သက်လာရင် ကြောက်တယ်။ စက်ဆုပ်တယ်။ ရွံရှာတယ်။ ဟုတ်လား။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ကြောက်ရွံ့တုန်လှုပ်ပြီးသကာလ အနေ ဂါရိကမင်းကို သင် နောက်ဆုတ်ပါလော့။ သင်တို့သည် ဘယ်လောက်ပင် အကျွန်ုပ်ကို ပြောပင်ပြောငြားသော်လည်း မိဖုရားဘဝဆိုတာ မမြဲသေးဘူးဆိုတာ ငါသိတယ်။ မိဖုရားဘဝဆိုတာရော မြဲသလား ဒကာ, ဒကာမတွေ။

*(မမြဲပါဘုရား)*

## အိပ်မက်ပမာ ဘဝတကျော

မိဖုရားဘဝဖြစ်ရင်လဲ ငါသည် တစ်နေ့နေ့မှာ အိုလာရဦးမယ်။ သင်လဲ အိုလာမှာပဲ။ သင်လဲ ဆံပင်တွေဖြူလာမှာပဲ။ အခုပိတုန်းရောင်ကဲ့သို့ မည်းမှောင်ပင်ငြားသော်လည်း၊ လှပနေတယ်လို့ ထင်ပင်ထင်ငြားသော်လည်း၊ ကိုယ့်ကိုယ်ကိုယ် အရွယ်လေးကောင်းလိုက်တာလို့ ဘယ်လောက်ပဲထင်ထင်၊ ငါဟာ ဘုရင်ပဲလို့ ဘယ်လောက်ပဲ

http://www.dhammadownload.com



ထင်ထင် အဲဒါတွေဟာ ဘာမှမမြဲဘူး။ ဘုရင်ဘဝဟာလဲ မမြဲသလို၊ မိဖုရားဘဝဟာလဲ မမြဲဘူး။

ဒီခန္ဓာကိုယ်ကြီးဟာ တရွေ့ရွေ့ တရွေ့ရွေ့နဲ့ အိုမင်းလာပြီးတော့ အေး... မင်းသားရေတဲ့၊ ခန္ဓာကိုယ်ကြီးဟာလေ တစ်နေ့မှာ လူမရှိသူမရှိတဲ့ တစပြင်ကို လွှင့်ပစ်ရမယ်လို့ ဘုရားရှင်က ဟောလိုက်တယ်ဆိုပြီး ပြန်ပြောနေတာနော်။ မိဘာနှစ်ပါးနဲ့ ဘုရင်ကို တရားဟောနေတယ် ပရိသတ်။

ဒါကြောင့် တရားဆိုတာ အသက်ကြီးတယ်၊ ငယ်တယ်လို့ မရှိဘူး ဟုတ်လား။ တချို့က လူကြီးတွေကိုဟောမှ ကောင်းတယ်၊ လူငယ်တွေကိုဟောရင် မကောင်းဘူးလို့ ထင်တတ်ကြတယ်။ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဟောတဲ့တရားတော်ဟာ လူကြီး၊ လူငယ်မဆို သိနိုင်တဲ့တရားပဲ။ ကိန်းရင်သိပ်ကောင်းတာ ဟုတ်လား။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဘုရားရှင်ဟောတဲ့ တရားဓမ္မဟာ ဒကာ, ဒကာမတွေ ဟောင်းသွားတယ်လို့ ရှိလား။

*(မရှိပါဘုရား)*

မရှိဘူးနော်။ မရှိဘူး။ ဒီတရားဟာ သိပ်တန်ဖိုးရှိတယ်။ သိပ်အရသာရှိတယ်။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ဟာ သိပ်ပြီးတော့ ချမ်းသာတယ်။

*(တင်ပါဘုရား)*

ကဲ...ဒါဆိုရင် အနုဂါရိကမင်းသားနဲ့ မိဘနှစ်ပါးကို တရားဟောဖန်များတော့မှ ဆက်ပြီးတော့ တစ်ဖန် ကာမဂုဏ်ကို အပြစ်ထပ်ဟောတယ်။

*(တင်ပါဘုရား)*

ဟောဒီကာမဂုဏ်တရားမှန်သမျှတို့သည် ခွေးပိန်လေး အရိုးကိုက်နေတာနဲ့တူကြောင်း။ ပြီးတော့ ကျီးကန်းတစ်ကောင်ဟာ အသားတစ်ကို ကိုက်ပြီးပြေးတာနဲ့ တူကြောင်း။

http://www.dhammadownload.com



မြက်မီးရှူးနဲ့တူတယ်။ အိပ်မက်,မက်တာနဲ့ တူတယ်။

*(တင်ပါဘုရား)*

အိပ်မက်ထဲမှာ တစ်ခါတည်း စားစရာ သောက်စရာတွေနဲ့ အများကြီးစားနေပေမဲ့ နိုးလာတော့ ဘာမှမရှိဘူး ဟုတ်လား။ ကာမ ဂုဏ် အာရုံတရားတွေဟာ အိပ်မက်နဲ့လဲ မတူဘူးလား ပရိသတ်။

*(တူပါတယ်ဘုရား)*

ချမ်းသာချင်လို့ ချမ်းသာနိုးနိုးနဲ့ ဟိုဟာ လိုချင် ဟိုဟာလိုက်လုပ်တော့ ဒီဟာလိုချင် ပြန်ပြီ။ ဒီဟာလိုက်လုပ်တော့ ဒီဟာလဲ မဟုတ်ပြန်ဘူးနဲ့။ ဟိုဟာရမှပြည့်စုံမယ် ထင်သယောင်နဲ့ ရှာလာဖွေလာခဲ့လိုက်ကြ တာ။ တကယ်ပြည့်စုံမှုရရဲ့လား။

*(မရပါဘုရား)*

အိုမင်းလို့သာ လာကြတယ်၊ မိမိဘဝ ပြည့်စုံပြီလို့ ရှိရဲ့လား။

*(မရှိပါဘုရား)*

http://www.dhammadownload.com



ဘာကြောင့် မပြည့်စုံဘူးလဲဆိုရင် လိုချင်မှုတွေဟာ မရပ်မနားရှိနေခဲ့လို့ပဲ မဟုတ်လား ဒကာ,ဒကာမတွေ။

*(တင်ပါဘုရား)*

လိုချင်မှုတွေ မရပ်နားသမျှ ကာမဂုဏ် အာရုံတွေဟာ အိပ်မက်နဲ့တူတယ် ပရိသတ်။ အိပ်မက်ကို လိုက်ဖမ်းရသလိုပဲ၊ ဖမ်းလို့မိရဲ့ လား။

*(မမိပါဘုရား)*

အိပ်မက်ဆိုတာ နိုးတာနဲ့ ရှိသေးရဲ့ လား။

*(မရှိပါဘုရား)*

ဒါကြောင့် သုမေဓာလေးက မိခင်, ဖခင်တို့၊ မင်းသားတို့၊ လောကီအာရုံ ကာမ ဂုဏ် တရားတွေဟာ အိပ်မက်ကဲ့သို့ပဲ။ ကောင်းရင်လည်း မရှိတော့ဘူး။ ဒါပေမဲ့ ရှိနိုး ရှိနိုးနဲ့ ကောင်းနိုး ကောင်းနိုးနဲ့ ရှာလာ လိုက်ကြတာ ဒကာ,ဒကာမတွေ၊ ကောင်း

http://www.dhammadownload.com



သလိုလိုနဲ့ ကောင်းရဲ့လား။

*(မကောင်းပါဘုရား)*

## မျက်ရည်ပေါက်နှင့် ဒူးထောက်ဆွဲခေါ်

ဒါပေမဲ့ သိပ်ကြိုက်တာကိုး။ အတွေ့တွေကိုလေ၊ လောဘအာရုံနဲ့တွေ့ရင် မပူလောင်ရဘူးလား။

*(ပူလောင်ပါတယ်ဘုရား)*

ပူလောင်ရင်လဲ ပူလောင်မှန်းမသိတော့ ကြိုက်တယ်။ ဒေါသအာရုံနဲ့တွေ့ရင်ကော မပူလောင်ရဘူးလား။

*(ပူလောင်ရပါတယ်ဘုရား)*

အဲဒီ လောဘ ဒေါသ မောဟ ရာဂ စတဲ့ တပ်မက်တဲ့စိတ်ကလေးတွေနဲ့ ၅ မိနစ် လောက်ပေါင်းရင် ၅ မိနစ်ပူလောင်စေတယ် ပရိသတ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



တစ်နာရီပေါင်းရင်လဲ တစ်နာရီ ပူလောင်တယ်ဗျာ။

*(တင်ပါဘုရား)*

သူတော်ကောင်းတွေကပဲ ပူလောင်ရင် ပူလောင်မှန်းသိတာနော်။ သုမေဓာလေးက သိလာလို့ ပြောပြနေတာ ဟုတ်လား။

*(တင်ပါဘုရား)*

ဒကာ,ဒကာမတွေ ဘယ်အရာမဆို လောကီအာရုံ ကာမဂုဏ်အာရုံမှန်သမျှတို့သည် အဆင်းရူပါရုံကိုပဲ ခံစားခံစား၊ သဒ္ဒါရုံ အသံကိုပဲ ခံစားခံစား၊ ဟုတ်လား။ အနံ့တွေ၊ အရသာတွေ၊ တွေ့ထိစရာတွေ၊ ကြံစည်တွေးတောစရာတွေ အာရုံငါးပါး ကာမဂုဏ်တရားတို့အပေါ်မှာ ဘယ်အာရုံကိုပဲ ခံစားခံစား ခံစားဆဲခဏမှာ ကောင်းသလိုလိုနဲ့ မကောင်းဘူး ပရိသတ်များ။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဘာကြောင့် မကောင်းတာလဲဆိုရင် ခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလေးနဲ့သာ ကြည့်ရင် ဒီကောင်းတဲ့ အာရုံဟာလဲ ကောင်းတယ်လို့ ခံစားဆဲမှာပင်လျှင် အလဲလဲ အပြိုပြို ပျက်စီးချုပ်ပျောက်သွားတဲ့ သဘောတွေရှိနေလို့မို့ ကောင်းခြင်းတရားသည်လည်း မခိုင်ခံ့ဘူး ပရိသတ်။

*(တင်ပါဘုရား)*

ချုပ်ပျောက် ပျက်စီးသွားရတယ်။

*(တင်ပါဘုရား)*

အဲဒီအတိုင်းပါပဲ။ လောကီအာရုံ ကာမဂုဏ်တရားနောက်ကို လိုက်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှ အနန္တတို့သည် ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ...ချမ်းသာသလား၊ ဆင်းရဲသလား။

*(ဆင်းရဲပါတယ်ဘုရား)*

ချမ်းသာနိုးနိုးနဲ့ကို ဆင်းရဲနေရတာနော။ ဒီတော့ သုမေဓာလေးက အေးလ...အဲမောင်၊

http://www.dhammadownload.com



ဘုရားရှင်က ဒီလိုဆင်းရဲတဲ့အကြောင်း မှန်သမျှတွေကို ပြောပြလိုက်လို့မို့ သင်တို့အကျွန်ုပ်ကို ဘယ်လောက်ပင် ပြောပင်ပြောငြားသော်လည်း အကျွန်ုပ် လက်မခံပါ။ တဏှာအာရုံကို လက်မခံနိုင်တော့ဘူး။ ဘုရားရှင်က "သူ့ကျွန်မခံနဲ့ ပယ်တော်လှန်ပါ"လို့ ဆိုဆုံးမလိုက်ပါပြီ။ အကျွန်ုပ်သည် တဏှာကိုတော်လှန်တော့မယ်။ အခုကစ,ပြီး တဏှာကိုတော်လှန်ပြီလို့ ပြောလိုက်တော့မှ အနုဂါရိကမင်းသားဟာ မျက်ရည်လေး ကျလာတယ် ဟုတ်လား။

*(တင်ပါဘုရား)*

ဒီလိုမျက်ရည်လေးကျပြီး ဒူးထောက်ပြီးတော့ သကာလ အရှင်မ၊ ထပါလော့။ ချစ်နှမစိတ်တိုင်းကျဖြစ်စေရပါမယ်။ ချစ်နှမစိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်။ သာသနာ့ဝန်ထမ်းဘဝကို လက်ခံနိုင်ဖို့ အကျွန်ုပ်ကိုယ်တိုင် ထမ်းစင်ကြီးကို ထမ်းပြီး ပို့ပါ့မယ်။ ထပါလော့ ချစ်နှမငယ်။ မိဘနှစ်ပါး

http://www.dhammadownload.com



ကလဲ ခွင့်ပြုတော်မူလိုက်ကြပါလို့ မင်းသား က ခွင့်တောင်းပေးတယ် ပရိသတ်။

*(တင်ပါဘုရား)*

## တဏှာမှ လွတ်လမ်းပေါ်လာ

သုမေဓာအမျိုးသမီးလေးသည် သူ့ သန္တာန်ထဲမှာ တကယ့်ကို ပရိယာယ်သုံး တာ မဟုတ်ပါဘဲနဲ့ တကယ့်ကို သဒ္ဓါစစ်၊ သဒ္ဓါမှန် တရားနဲ့သုံးတဲ့ စကားလုံးတွေပဲ ဖြစ်တယ်။ သူသည် သံသရာမှာ ကျင်လည် ရမှာကို အမှန်တကယ် စက်ဆုပ်ရွံရှာလွန်း လို့ ပြောတဲ့စကားပဲ။ သူပြောနေတဲ့ တဏှာ ကျွန်အဖြစ်မှ လွတ်လိုတယ်ဆိုတာ အမှန်ပဲ ဆိုပြီးတော့ မင်းသားက မိဘနှစ်ပါးကို တောင်းပန်ပေးတယ်။ ဟုတ်လား ပရိသတ်။

*(တင်ပါဘုရား)*

ပြီးတော့ သူကိုယ်တိုင် ကျောင်းတော် ကြီးကို လိုက်ပို့ရှာတယ်။ ကျောင်းတော်ကြီး

http://www.dhammadownload.com



ကို ရောက်တော့ မိထွေးတော်ဂေါတမီထံ
တော်ပါးမှာ ဒကာ,ဒကာမအပေါင်းတို့ရေ၊
ဘိက္ခုနီဝတ်လို့ ဘုရားရှင်ရဲ့ ဩဝါဒကို
ပန်ဆင်ပြီး ကျင့်ကြံပွားများ အားထုတ်လိုက်
မယ်၊ ငါ မထတော့ဘူး၊ တရားထူး တရား
မြတ်ရမှ ငါထတော့မယ်ဆိုပြီး ဘယ်သူ့ကို
တော်လှန်ပါလိမ့် ပရိသတ်။

*(တဏှာကိုပါဘုရား)*

တဏှာကိုတော်လှန်တယ်နော်။ ဘယ်
သူ့ကို တော်လှန်တယ်။

*(တဏှာကိုပါဘုရား)*

ဘာတရားနဲ့ တော်လှန်သလဲလို့မေးရင်
ဝိပဿနာတရားနဲ့ တော်လှန်တယ်။ ဘာ
တရားနဲ့တဲ့လဲ။

*(ဝိပဿနာတရားနဲ့ပါဘုရား)*

ဝိပဿနာတရားနဲ့ ကျင့်ကြံပွားများ
အားထုတ်လိုက်တော့မှ သောတာပန်၊ သက
ဒါဂမ်၊ အနာဂါမ်ဖြစ်ပြီးတော့ နောက်ဆုံး

http://www.dhammadownload.com



မှာ အာသဝေါကုန်ခန်းလို့ ရဟန္တာမ ဖြစ်ရပါတယ်။

*(တင်ပါဘုရား)*

ဘယ်သူ့ကို တော်လှန်လိုက်ပြီ။

*(တဏှာကိုပါဘုရား)*

အေး...ဒါကြောင့် ဘယ်သူ့ရဲ့ ကျွန်အဖြစ်မှ လွတ်မြောက်ပြီတဲ့လဲ။

*(တဏှာကျွန်အဖြစ်မှပါဘုရား)*

## ကိုယ့်ခရီးနှင့် ကိုယ့်ထီး

တဏှာကျွန်အဖြစ်မှ လွတ်မြောက်သွားဘိသကဲ့သို့ ဒါဟာ ဥပမာဆောင်ပြတာပဲဖြစ်တယ်။ ဥပမေယျက ဘယ်သူလုပ်ရမှာလဲဆိုရင် ဒကာ,ဒကာမတွေနော်။

*(တင်ပါဘုရား)*

ဟောဒီပရိသတ်အပေါင်း သူတော်ကောင်းများက ဥပမေယျအားဖြင့် ကိုယ်တိုင်ကျင့်ရမှာပေါ့။

*(တင်ပါဘုရား)*

http://www.dhammadownload.com


သုမေဓာ အာသဝေါကုန်ခန်းလို့ ရဟန္တာဖြစ်တာနဲ့ တို့ ဒကာ,ဒကာမတွေနဲ့ ဆိုင်သလား။

*(မဆိုင်ပါဘုရား)*

ကိုယ်ရသလား။

*(မရပါဘုရား)*

ဒါက ဥပမာပဲ ဆောင်ပြတာနော်။ ဆောင်ဟောတာ ဟုတ်လား။ ဆောင်ဟောတာကို ဆောင်ဟောတာမှန်း သိရမယ်။ ဆောင်ဟောတာကိုပင်လျှင် ကိုယ်ကနေပြီးတော့ ရနေသလိုလို လုပ်နေလို့ ရပါ့မလား။

*(မရပါဘုရား)*

ဒီတော့ ဒီဥပမာလေးကို အတုယူပြီးတော့ တို့ ဒကာ,ဒကာမတွေက ကျင့်သုံးရမယ်နော။

*(တင်ပါဘုရား)*

အားထုတ်ရမယ်။ ဘယ်သူ့ကို တော်လှန်ရမယ်။

*(တဏှာကိုပါဘုရား)*

http://www.dhammadownload.com



အေး ... ဒါကြောင့်မို့လို့ သံသရာလောကတစ်လျှောက်လုံးမှာ ဒုက္ခပေးစေတတ်တဲ့ တဏှာဆိုတဲ့ လောဘအာရုံ ကာမဂုဏ်၊ တစ်နေ့လုံးကုန်၊ တစ်လလုံးကုန်၊ တစ်နှစ်လုံးကုန်တဲ့ ဒီကာမဂုဏ်အာရုံ မှန်သမျှတွေကို ပရိသတ်အပေါင်း သူတော်ကောင်းများ ဘာဖြစ်အောင် ကြိုးစားရမယ်။

*(ပယ်နိုင်အောင်ပါဘုရား)*

ပယ်နိုင်အောင် ကြိုးစားရမယ်။ ပယ်နိုင်ရင် ချမ်းသာတယ်။ မပယ်နိုင်ရင် ဆင်းရဲတယ်။ နားလည်တယ်မဟုတ်လား။

*(တင်ပါဘုရား)*

## သိပယ် ဆိုက်ပွား

ပယ်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ ချမ်းသာတယ်နော်။ မပယ်နိုင်ရင်

*(ဆင်းရဲပါတယ်ဘုရား)*

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ပယ်နိုင်အောင် ဘာလုပ်ရမှာတဲ့လဲ။

*(ကြိုးစားရမှာပါဘုရား)*

အေး...သုမေဓာ အလောင်းလေးသည် နစဉ်တုန်းက မိမိနန်းတော်ထဲမှာ မိဘနှစ်ပါးကိုလည်း တရားနဲ့ပတ်သက်ပြီး ပြောပြတတ်တယ်။ မင်းသားကိုလည်း နားလည်အောင် ပြောပြတတ်တယ်။ တဏှာကို အပြစ်မြင်အောင် ပြောပြတတ်တယ်။ တစ်နည်းအားဖြင့် ဘာသစ္စာကို အပြစ်မြင်အောင်။

*(သမုဒယသစ္စာကိုပါဘုရား)*

သမုဒယသစ္စာကို အပြစ်မြင်အောင် ပြောပြတယ်နော်။ ပြောပြပြီးတော့ တဏှာ ကုန်အောင် သမုဒယသစ္စာအာရုံမှ လွတ်ကင်းအောင် ခန္ဓာဒုက္ခသစ္စာပေါ်မှာ ထိုးထွင်းဉာဏ်ဖြင့် ကျင့်ကြံပွားများ အားထုတ်ခြင်းတည်းဟူသော မဂ္ဂသစ္စာလာကိန်းဗျာယ်နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဒီတော့ သုမေဓာလေး သန္တာန်မှာ လှမ်းကြည့် ပရိသတ်။ ထိုင်ပြီးတော့ ဘာ သစ္စာပေါ်မှာကြည့်နေသလဲဆိုရင် ခန္ဓာ့ဒုက္ခ သစ္စာပေါ်မှာနော်။

*(တင်ပါဘုရား)*

အဲဒီ ခန္ဓာ့ဒုက္ခသစ္စာသည် အမြဲမပြတ် ဖြစ်ပြီးတော့ ပျက်စီးနေတဲ့ သဘောရှိတယ်။

*(တင်ပါဘုရား)*

ဒုက္ခပေါင်း ဝေဒနာပေါင်း မြောက်မြား စွာတို့ တည်ရှိနေတဲ့ခန္ဓာ ဟုတ်လား။ အမြဲ မပြတ် ပြုပြင်ပြောင်းလဲနေသော ခန္ဓာ၊ တဖြုတ်ဖြုတ်နဲ့ နေလို့မရ ထိုင်လို့မရ လောက်အောင် ဖောက်ပြန် ပြောင်းလွဲနေ သော ခန္ဓာသည် ဘာသစ္စာတုံး။

*(ဒုက္ခသစ္စာနဲ့ပါဘုရား)*

အဲဒီဒုက္ခသစ္စာအပေါ်မှာ ဒကာ,ဒကာမ တွေ ဘာသစ္စာနဲ့ အကဲခတ်ပြီး ရှုမှတ်ပါ လိမ့်။

*(မဂ္ဂသစ္စာနဲ့ပါဘုရား)*

http://www.dhammadownload.com



မဂ္ဂသစ္စာဉာဏ်နဲ့ ရှုမှတ်ဆင်ခြင် ပွား များ အားထုတ်တဲ့အခါကျတော့ ပေါ်လာတဲ့ အာရုံမှန်သမျှသည် ဘယ်အာရုံပဲပေါ်ပေါ် ဖြစ်ပေါ်ပြီးတော့ ပျက်စီးနေတာကို မြင် တယ်။ ဖြစ်ပြီးတော့ ပျက်စီးနေတဲ့သဘော က ဒုက္ခသစ္စာသဘော၊ ဖြစ်ပြီးတော့ ပျက်စီး တဲ့ သဘောလေးကို လှမ်းပြီးတော့ မြင်နေ တဲ့ အာရုံဇောစိတ်ကလေးက မဂ္ဂသစ္စာအာရုံ။ နားလည်ပြီနော်။

*(တင်ပါဘုရား)*

မဂ္ဂသစ္စာဉာဏ်လေးနဲ့ တစ်လုံးချင်း တစ်လုံးချင်း မြင်နေမိတဲ့အခါကျတော့ ရာဂ ဒေါသ မောဟတွေ လာသေးသလား။

*(မလာတော့ပါဘုရား)*

တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ သမု ဒယသစ္စာ သေနေတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



နော်...ဒီမဂ္ဂသစ္စာသည် ဒုက္ခသစ္စာကို လဲ ပိုင်းခြားသိတယ်။ ဖြစ်ပျက်ကိုလဲ လှမ်း ပြီးတော့ မြင်နေတယ်။ သမုဒယသစ္စာကိုလဲ ပယ်နေတယ်။ နိရောဓနေယ်ပယ်ကိုလဲ သွား နေတယ်။

*(တင်ပါဘုရား)*

သူက သုံးကိစ္စလုပ်တယ်။ နားလည်ပြီ နော်။ အဲဒီ သမုဒယသစ္စာကို သောတာပတ္တိ မဂ်ဉာဏ်နဲ့ ပယ်လိုက်တယ်။ သကဒါဂါမိ မဂ်ဉာဏ်နဲ့ ပယ်လိုက်တယ်။ အနာဂါမိ မဂ် ဉာဏ်နဲ့ ပယ်လိုက်တယ်။ အရဟတ္တ မဂ် ဉာဏ် ဖိုလ်ဉာဏ်နဲ့ ပယ်ပြီးတော့ ရဟန္တာ ဖြစ်ရပါသည်။ ဟုတ်ရဲ့လား။

ရှေးသူတော်ကောင်းများစွာတို့သည် တဏှာကျေးကျွန်အဖြစ်မှ လွတ်အောင် ကြိုး စားဘိသကဲ့သို့ တို့ ဒကာ,ဒကာမတွေမှာ လဲပဲ ဒီတရားဓမ္မကို ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံပွားများ အားထုတ်၍ သံသရာ လောက လည်စေတတ်တဲ့၊ ဘဝခန္ဓာကိုယ်

http://www.dhammadownload.com



ရစေတတ်တဲ့ သမုဒယသစ္စာကို ပယ်နိုင်အောင် ကြိုးစားနိုင်ကြပါစေ။ မိမိရဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးသကာလ သမုဒယသစ္စာကိုပယ်၊ မဂ္ဂသစ္စာပွားများကြလို့မို့ နိရောဓသစ္စာတည်းဟူသော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လွယ်ကူသောအကျင့် ပဋိပတ်ဖြင့် ကောင်းစွာမသွေ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



## တရားကိန်းသူ စိတ်မပူ တရားတော်

ကဲ…ချမ်းချမ်းသာသာ ဣရိယာပုတ်ကို ယူပြီးတော့ တရားပဲ နာကြရအောင်။ တရားပဲ နှလုံးသွင်းကြရအောင်။ ဒီနေ့ တရားစခန်း ဘယ်နှစ်ရက်မြောက်တဲ့နေ့လဲ…။

*(သုံးရက်မြောက်နေ့ပါဘုရား)*

သုံးရက်မြောက်နေ့၊ ဒီနေ့ ညနေ ၈ နာရီက ၉ နာရီအတွင်းမှာ ဟောကြားလတ္တံ့ဖြစ်တဲ့ တရားကိန်းသူ စိတ်မပူ…လို့ ခေါင်းစဉ်လေး တပ်ကြရအောင်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



တရားနာမည်က ဘာတဲ့လဲ။

*(တရားကိန်းသူ စိတ်မပူပါဘုရား)*

တရားကိန်းသူ စိတ်မပူတဲ့။ လောကမှာ လူရယ်လို့ဖြစ်လာကြတော့ မြတ်စွာဘုရား ဟောကြားတဲ့ တရားလေးတွေ ကိုယ့်သန္တာန်မှာရှိဖို့ မကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား)*

ဒါက အခု ဗုဒ္ဓုပ္ပါဒနဝမခေတ်လို့ ခေါ်တယ်။

*(တင်ပါဘုရား)*

ဘုရားရှင်ပွင့်တော့မှ သိခွင့်ရတဲ့တရား။ ဘုရားသာသနာမှာတွေ့ပြီးတော့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမလေးတွေကို မိမိလက်တွေ့ ကိုယ်တိုင်ကိုယ်ကျကျင့်လို့၊ ပွားများ အားထုတ်လို့၊ ဒီအခွင့်အရေးရလို့ သိလာတာ။ အဲဒီအသိဉာဏ်ကလေး နှလုံးအိမ်ဟာဒယဝတ္ထုထဲမှာ ကိန်းထားတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် သေချိန်လဲ စိတ်မပူဘူး၊

http://www.dhammadownload.com



သေခါနီးလဲ စိတ်မပူဘူး၊ ဘာကိန်းထားလို့ တဲ့လဲ။

*(တရားကိန်းထားလို့ပါဘုရား)*

တရားကိန်းတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် ဘာမပူတဲ့လဲ။

*(စိတ်မပူပါဘုရား)*

စိတ်မပူဘူးနော်။ ဒီသုတ္တန်ဟာ ဘယ်သူ့ကို အကြောင်းရင်းခံပြီးတော့ ဟောဖော်ညွှန်ပြသလဲလို့ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခဲ့ပါတယ်။

*(တင်ပါဘုရား)*

လွန်လေပြီးသော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်လောက်က ဟို...ရာဇဂြိုဟ်မြို့ရဲ့ ပါဠလိပုတ်ပြည်က နည်းနည်းလေးလှမ်းပြီး ကားနဲ့သွားလို့ရှိရင် နာဠလန္ဒာတရပ်ကျောင်းနား ရောက်တယ်။ အဲဒီနေရာက နည်းနည်းလေးလှမ်းပြီး ရာဇဂြိုဟ်တောင်တန်း

http://www.dhammadownload.com



ဘက်ကို လှည့်ရင် ရာဇဂြိုဟ်တောင်ဘက် မရောက်ခင်လေးမှာ အဇာတသတ်မင်းရဲ့ နန်းတော်။ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်ကို ပထမကြုံတွေ့ရတယ်။

*(တင်ပါဘုရား)*

အဲဒီကတစ်ဆင့်သွားလိုက်တော့ ဝါးတော ဥယျာဉ်ထဲမှာ ဝေဠုဝန်ကျောင်းတော် ရှိတယ်။ အဲဒီဝေဠုဝန်ကျောင်းတော်က နည်းနည်းသွားရင် ဆရာဇီဝကဥယျာဉ်၊ ဆက်သွားရင်တော့ ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားတဲ့နေရာ၊ အဲဒီက နည်းနည်းဆက်သွားရင်တော့ ရေပူစမ်းရောက်တယ်။ အဲဒီက တစ်ဆင့်သွားရင် ရေပူစမ်းရဲ့ ခပ်လှမ်းလှမ်းလေးမှာတော့ အဲ...ဝေပါလတောင်၊ ဝေပါလတောင်နဲ့ တစ်ဆက်တည်း ဂိဇ္ဈကုတ်တောင်၊ ဂိဇ္ဈကုဋ်တောင်နဲ့ ဝေပါလတောင်ရဲ့ အရှေ့ဘက်က ဝေဘာရတောင် နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဝေဘူလတောင်နဲ့ ဆက်နေတာက ဣသိဂိလိတောင်။ ဣသိဂိလိတောင်နဲ့ ဂိဇ္ဈကုဋ်တောင်က နည်းနည်းလေးလှမ်းကြည့်တော့ ပဏ္ဏဝတောင်ဆိုပြီးတော့ တောင်ကြီးငါးလုံးက မီးဖိုခုံလောက်လိုဆိုင်ပြီး ဖြစ်နေတာ။

(တင်ပါဘုရား)

အဲဒီတော့ မြတ်စွာဘုရားရှင်ဟာ တစ်ခါတစ်ရံကျတော့ ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး တောင်ထွတ်ကလေး ကျောင်းတော်ရာမှာ သီတင်းသုံးတယ်။

(တင်ပါဘုရား)

တစ်ခါတစ်ရံကျတော့လဲပဲ ဝေဠုဝန်ကျောင်းတော်မြတ်မှာ သီတင်းသုံးပြီးနေတာလဲ ရှိပါတယ်။

(တင်ပါဘုရား)

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဒီသုတ္တန်တော်ကို ဟောတာကတော့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေလေတော့ တစ်ပါးတည်း မဟုတ်ပါဘူး။

http://www.dhammadownload.com



ရဟန္တာတွေ အများကြီးပဲ ခြံရံလို့ အနာဂါမ် ရဟန်းတော်တွေ၊ သကဒါဂါမ်ရဟန်းတော်တွေ၊ သောတာပန်တွေ အသီးသီး ထောင်သောင်းမက မြတ်စွာဘုရားရှင်ရဲ့ ခပ်လှမ်းလှမ်း ကျောင်းလေးတွေမှာ အသီးသီး သီတင်းသုံး နေထိုင်လျက်ရှိကြတယ်။

*(တင်ပါဘုရား)*

အဲဒီတော့ ဒကာ,ဒကာမတွေကလဲပဲ နီးစပ်တဲ့ သံဃာတော်များနဲ့ လာပြီးတော့ ဆွေးနွေးကြတယ်ပေါ့။

*(တင်ပါဘုရား)*

မြတ်စွာဘုရားရှင်ကတော့ အချိန်ကာလအားလျော်စွာ ဟောလို့၊ ရဟန်းတော်များနဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ရဟန်းတော်တွေဆီမှာ တရားတွေ မေးလျှောက်ကြတယ်။ ကမ္မဋ္ဌာန်းတရားတွေ မေးမြန်းပြီး နေကြတာပေါ့နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



အဲသလို နေလာကြတော့ နေ့တစ်နေ့မှာ အရှင်အာနန္ဒာထံတော်မြတ်သို့ သိရိဝဍ္ဍန အမည်ရှိတဲ့ သူကြွယ်ဟာ သူ့ရဲ့ ငယ်ကျွန်တစ်ယောက်ကို ခေါ်ပြီးတော့ ရောက်လာတယ်။

*(တင်ပါဘုရား)*

ဘာကြောင့်ရောက်လာသလဲဆိုတော့ သိရိဝဍ္ဍန သူကြွယ်နဲ့ ဂရဟာဒိန္န သူကြွယ်တို့သည် တစ်ချိန်တုန်းက ချိန်းဆိုကြတယ်။ ဂရဟာဒိန္နက မိစ္ဆာဒိဋ္ဌိ။ သိရိဝဍ္ဍန သူကြွယ်က မြတ်စွာဘုရားရှင်ရဲ့ တပည့်သာဝက။

*(တင်ပါဘုရား)*

## ပွဲကြီးပွဲကောင်း

မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိတို့ဟာ အဲဒီတုန်းက ပြိုင်ပွဲတစ်ခု ကျင်းပကြတယ်။ ဂရဟာဒိန္နက သိရိဝဍ္ဍနသူကြွယ်ကို ဘာပြောသလဲဆိုတော့ သူငယ်ချင်း၊ မင့် ဘုရားဆီကို

http://www.dhammadownload.com



ဘယ်လောက်သွားသွားနေပေမယ့် ကျေးဇူး မရှိပါဘူးကွာ၊ တို့ဘုရားတွေကမှ အတိတ် အကြောင်းတွေ အကုန်မြင်တယ်။ အနာ ဂတ်အကြောင်းတွေကို အကုန်မြင်တယ်။ သူတစ်ပါးစိတ်ကိုလည်း သိတယ်။ မင်း ငါတို့ဘုရားကို ကိုးကွယ်ရင် ကောင်းမယ် နော်...လို့ အဲသလိုပြောတယ်။ သူက အကြံ အစည်နဲ့ပေါ့။

(တင်ပါဘုရား)

ဒီတော့ ဗုဒ္ဓဘာသာ မြတ်စွာဘုရားရှင် ရဲ့ အဆုံးအမကို လိုက်နာကျင့်သုံးတဲ့ သီရိ ဝဍ္ဎန သူကြွယ်က စမ်းပြီးတော့ ဟေး... သူငယ်ချင်း၊ ဒါဆိုရင်ကွယ် မနက်ဖြန်ကျ ရင် မင်းတို့ဘုရားကို ငါ့အိမ်ဖိတ်ပေးပါ။ ငါ ငါးရာလုံး ဆွမ်းကပ်ပါ့မယ်။ မနက်ဖြန် ကစ,ပြီး (၇)ရက်မြောက်တဲ့နေ့မှာ စီမံထား ပါ့မယ်။ ဒီလိုပြောတယ်နော်။ အဲဒီတော့ စီမံ ထားတဲ့အထဲမှာ ထမင်းဆိုတာတော့ လုံးဝ မပါဘူး။ အိမ်ဝမှာ ကျင်းတူးပြီး၊ သစ်ငုတ်

http://www.dhammadownload.com



ကြီးတွေကို စိုက်၊ သစ်ရွက်တွေနဲ့ ဖုံးပြီးတော့ ကျင်းထဲမှာလဲပဲ နွားချေးတွေ၊ မစင်ရည်တွေကို ထည့်ထားတယ်။ အဲဒါမှာ ခလုတ်တွေလဲတပ်ထားတယ်။ အရှက်ခွဲမလို့ ဟုတ်လား။ သူငယ်ချင်းကိုလဲ ပြောလိုက်တယ်။ မင်းဘုရားတွေကို မင်းပဲစီစဉ်ပြီး ပင့်လာပါ။ ငါကတော့ လာမပင့်အားတော့လို့ မင်းပဲစီစဉ်ပေးပါ သူငယ်ချင်းဆိုပြီး ပြောလိုက်တယ်။

*(တင်ပါဘုရား)*

## အထင်လွဲလို့ အရှက်ကွဲ

အဲဒီတော့ မိစ္ဆာဒိဋ္ဌိရဟန်းတွေ ကြွလာကြတယ်။ ခြံဝရောက်တယ်ဆိုရင်ပဲ သီရိဝဍ္ဎ သူကြွယ်က လက်အုပ်ကလေးချီပြီးတော့ "အရှင်ဘုရားတို့ရဲ့ ဒကာက ပြောပါတယ်။ အရှင်ဘုရားများက အတိတ်အကြောင်းတွေလဲ အကုန်သိတယ်၊ အနာ

http://www.dhammadownload.com


ဂတ်အကြောင်းတွေလဲ အကုန်သိတယ်၊ သူတစ်ပါးရဲ့ စိတ်အကြံအစည်ကိုလဲ သိတယ်လို့ အရှင်ဘုရားတို့ရဲ့ ဒကာက ပြောပါတယ်။ တကယ်လို့ အမြင်မှန်ရှိလို့ရှိရင် တပည့်တော်အိမ်ကို မကြွကြပါနဲ့”လို့ စိတ်နဲ့ လျှောက်တယ်။ သူ့သူငယ်ချင်းက အကုန်သိတယ်ပြောတာကိုး။ ဒါကြောင့် စိတ်နဲ့ လျှောက်နေတာ။ ဟိုကိုယ်တော်ကြီးတွေက အဝတ်တုံးတုံးကြီးတွေနဲ့ သွားနေကြတာ ဘာမှသိတာမဟုတ်ဘူး။ တက္ကတွန်းကြီး၊ မိစ္ဆာဒိဋ္ဌိကြီးတွေဆိုတော့ ဘာမှမသိတော့ အိမ်ထဲဝင်လိုက်ရော၊ ခလုတ်နှိပ်မိတာနဲ့ အကုန်လုံး ကျင်းထဲကျ၊ မစင်တွေလူးပြီးတော့ ပြန်ပြီး လူးလဲထတော့လဲ ဟိုမှာချော်လဲ၊ ဒီမှာချော်လဲ ဖြစ်ကုန်ကြပြီး နာမည်ကြီးသွားတာပေါ့။

*(တင်ပါဘုရား)*

သိရိဂုတ္တဝမှန သူကြွယ်ဟာ ဒီလိုလုပ်တယ်ဆိုတော့ ဂရဟာဒိန္နက ဒီသတင်းကြား

http://www.dhammadownload.com


တယ်။ ဒီတော့ မင်းလဲ ငါ့အကြောင်း သိရမှာပေါ့။ ငါ့ဘုရားတွေကို မင်း အရှက်ခွဲတယ်။ မင်းဘုရားတွေကိုလည်း ငါ အရှက်ခွဲမယ်ဆိုပြီး ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ အပြိုင်အဆိုင်တွေဆိုတာ မရှိကြဘူးလား။

(ရှိကြပါတယ်ဘုရား)

အပြိုင်အဆိုင် ဘယ်သူနိုင်ပေါ့ဗျာ။ ရှင်းရဲ့လား။ အဲဒါနဲ့ နည်းနည်းကြာတော့ သီရိဝဍ္ဍန သူကြွယ်အလှည့်ကျပြီဟော့ဆိုပြီး ဂရဟာဒိန္နက စောင့်နေတယ်။ ပထမတော့ ဒေါသတွေထွက်ပေမယ့် မဖြစ်သေးဘူး။ သူ့လိုပဲ ငါလုပ်မှဖြစ်မယ် တုံ့ပြန်မှဖြစ်မယ်ဆိုပြီး အလှည့်စောင့်နေတာ ဟုတ်ရဲ့လား။

(တင်ပါဘုရား)

## မီးကျီးပြာမှ ပန်းရွှေကြာ

ဒီတော့ တစ်လနှစ်လကြာတော့ ဂရဟာဒိန္နက သူငယ်ချင်း၊ ငါလဲ ငါ့ဘုရား

http://www.dhammadownload.com



တွေ ကိုးကွယ်ရတာ မသက်သာဘူးဟာ၊ မင်းတို့ဘုရားကတော့ အထူးပြောစရာရှိမယ် မထင်ပါဘူး။ ငါလဲ ပြောင်းလဲကြည့်ရ မလားလို့။ ငါလဲ အလှူလုပ်ချင်တယ်။ အဲဒါ မင်းတို့ဘုရားနဲ့ သံဃာငါးရာကို ငါ့အိမ်ကို ပင့်ပေးပါကွာ။ မနက်ဖြန်ကစပြီး (၇)ရက် မြောက်တဲ့နေ့မှာ ဆွမ်းကပ်ပါ့မယ်။ ဆိုတော့ သီရိဝဍ္ဍနသူကြွယ်က အေးအေး...ကိစ္စမရှိ ပါဘူး။ ငါပင့်ပေးပါ့မယ်ဆိုပြီးတော့ ဘုရား ကို သွားလျှောက်တယ်။ သီရိဝဍ္ဍနသူကြွယ် က ဘုရားရှင်ကို ဘယ်လိုလျှောက်သလဲ ဆိုတော့ "အရှင်ဘုရား ကြွသင့်ရင် ကြွ တော်မူပါ။ မကြွသင့်ရင် မကြွပါနဲ့ဘုရား" လို့ "တပည့်တော် သူ့ဘုရားတွေကို အရှက် ခွဲထားတယ်။ တပည့်တော်ကို သူက ပြန်ပြီး တုံ့ပြန်ရင် တုံ့ပြန်လိမ့်မယ်ဘုရား၊ ဒီတော့ အရှင်ဘုရား ကြွသင့်မှ ကြွတော်မူပါဘုရား။ မကြွသင့်ရင် မကြွပါနဲ့ဘုရား"လို့ ဒီလို

http://www.dhammadownload.com



လျှောက်ထားတာ ရှင်းရဲ့လား။ လျှောက်ထားတာ လိမ္မာတယ် ဟုတ်လား။

*(တင်ပါဘုရား)*

အဲဒီတော့ ဘုရားရှင်က ငြိမ်ငြိမ်လေး နေတာပေါ့။ သိတာပေါ့။ အတုမရှိ အနှိုင်းမရှိတဲ့ ဗုဒ္ဓလို့ဆိုတာကိုးနော်။ ဒီတော့ (၇) ရက် မြောက်တဲ့နေ့ကျတော့ သီရိဝဍ္ဎန သူကြွယ်က သူငယ်ချင်း၊ ငါ ကိစ္စလေးရှိလို့ မင်းဆီတော့ မရောက်လာနိုင်တော့ဘူးကွာ၊ ဘုရားရှင်ကတော့ ကြွတော်မူလာပါလိမ့်မယ်။ မင်း အဆင်သင့်သာ လုပ်ထားပါ ဆိုတော့ ဟာ...စိတ်ချပါ သူငယ်ချင်းရာတဲ့။ ဘာလုပ်ထားသလဲဆိုတော့ ကျင်းကြီးတွေ တူးထား၊ တွင်းထဲမှာ ရှားမီးကျီးတွေ ထည့်ထားတယ်။ နီရဲပြီးတော့လေ။ ပြုတ်ကျရင် အကုန်လုံးသေ၊ အရှင်မရှိအောင် စီမံထားတာ။ အင်း...သီရိဝဍ္ဎန လုပ်ထားသလို လမ်းဘေးတွေမှာ အိုးကြီးတွေကို စီတန်းပြီး

http://www.dhammadownload.com



တော့ ငှက်ပျောက်ဖက်တွေနဲ့ ဖုံးထားတာ နော်။

*(တင်ပါဘုရား)*

အဲဒီတော့ ဂရဟာဒိန္နက ဘုရားရှင် ကြွလာတဲ့အခါမှာ သူကလည်း သီရိဝမုန လျှောက်ထားသလိုပေါ့လေ။ စိတ်နဲ့ ဘုရားကို လျှောက်တယ်။ အရှင်ဘုရားတို့ ဒကာတွေ ပြောသံကြားဖူးပါတယ်။ ဘုရားရှင်များဟာ အတိတ်ကိုလဲသိတယ်၊ အနာဂတ်ကိုလဲသိတယ်၊ သူတစ်ပါးစိတ်ကိုလဲ သိတယ်။ ဒါကြောင့်မို့ တပည့်တော်အိမ်မှာ စားစရာ သောက်စရာများ မရှိပါဘုရား။ အရှင်ဘုရားတို့ကို သေကြောင်းကြံထားပါတယ်။ အရှင်ဘုရားများသိရင် မကြွပါနဲ့၊ မသိရင် ကြွပါဆိုပြီး ဘာနဲ့လျှောက်တယ်။

*(စိတ်နဲ့ပါဘုရား)*

စိတ်နဲ့နော်။ ဒီလိုလျှောက်တော့ ဘုရားရှင်က နောက်ဘယ်ဆုတ်ပါ့မလဲ။ ဘုရားရှင်

http://www.dhammadownload.com



ရဲ့ စွမ်းအားကို ပြရမယ်လေ။ ဘုရားက သူတို့ အရိယာဖြစ်မှာကို မြင်တော်မူထား တာကိုး ပရိသတ်များရဲ့။

*(တင်ပါဘုရား)*

ဒီတော့ ဘုရားရှင်ဟာ ဖြည်းဖြည်း လေး ကြွပြီး ရဟန်းသံဃာတွေရဲ့ အလယ် တည့်တည့်မှာ ထိုင်ပြီး နေတော်မူတယ်။ ရဟန်းသံဃာတွေ ငါးရာစလုံးလဲ ဝန်းရံပြီး အကုန်လုံးလဲစုံရော ဂရုဟာဒိန္နက ခလုတ် နှိပ်ချလိုက်တယ်။ ခလုတ်လဲ နှိပ်ချလိုက် တော့ ဒကာ,ဒကာမတွေ၊ ဘုရားရှင်နဲ့ ရဟန်းတွေက အောက်ကိုပြုတ်မကျတဲ့ အပြင် တင်ပလ္လင်ခွေပြီး ထိုင်နေတဲ့ ဘုရား ရှင်ရဲ့ အောက်တည့်တည့်က ပဒုမ္မာကြာပွင့် ကြီး ပေါက်လာတယ်။

*(တင်ပါဘုရား)*

မီးကျီးတွေထဲက ပေါက်လာတာနော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ရဟန်းတော်တွေထိုင်နေတဲ့ နေရာမှာလဲပဲ မီးကျီးပုံတွေထဲက ကြာပွင့်ကြီးတွေ အသီးသီး ပေါက်လာတာ ဟုတ်လား။

*(တင်ပါဘုရား)*

## တန်ခိုးအစွမ်း ဟင်းနှင့် ဆွမ်း

ဒီတော့ ဂရဟဒိန္နက မျက်စိမျက်နှာတွေ ပျက်ပြီး ဟ...ငါတော့ ဒုက္ခရောက်ပြီ။ တန်ခိုးကြီးတဲ့ ဗုဒ္ဓ၊ ဒါကြောင့် တန်ခိုးကြီးတယ် ပြောကြတာကိုးဆိုပြီး ပျာယာခတ်တော့တာပဲ။ သူ့သူငယ်ချင်း သီရိဝဍ္ဎကို ရှာပြီး ဟော့...သူငယ်ချင်း၊ မင်းဘုရားကို ငါ စမ်းသပ်တာ ငါတော့ မှားပြီ။ အခု သီတင်းသုံးနေကြပြီ။ ငါ့မှာ စားစရာ သောက်စရာ ဘာမှမရှိဘူး၊ ငါ ဘာလုပ်ရမှာလဲ။ ငါ့ကို ကူညီပါဦး။ ဒီလိုပြောတယ်။ လူတွေကလဲ ဝိုင်းလာကြပြီလေ။ ဟာ...လူတွေကလဲ မိစ္ဆာဒိဋ္ဌိအိမ်ကို ဘုရားရှင်ကြွတယ်

http://www.dhammadownload.com



ဆိုပြီး ဝိုင်းပြီးတော့ လာကြတယ်။ နောက်ဆုံးမှာ ဘုန်းကြီးတို့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းများ...သီရိဝဇ္ဇနသူကြွယ်က သူငယ်ချင်း၊ ငါတို့ဘုရားက တန်ခိုးကြီးတယ်။ မြတ်စွာဘုရားရှင်ဟာ အလွန်တန်ခိုးကြီးတယ်။ မင်းအိမ်ကို ရောက်တဲ့အခါမှာ အိုးထဲမှာ ဘာမှမရှိပေမဲ့ အကုန်လုံး အရန်သင့် ဖြစ်လာလိမ့်မယ်။ ဟောဒါက "ဘာအိုး" "ဟင်းရည်အိုး" "ထမင်းအိုး"... စသည်ဖြင့် မင်းရဲ့ အိုးအခွံတွေကို လက်နဲ့ပုတ်ပြီး ပုတ်တိုင်း ပုတ်တိုင်းမှာ ဟင်းအိုးတွေဟာ သူ့အလိုလို ပြည့်လာလိမ့်မယ်။ မယုံရင် စမ်းကြည့်ပါဆိုတော့ ဟော...ပြောတဲ့အတိုင်း စမ်းကြည့်တာ ဟင်းအိုးတွေဟာ အစုံအလင်ပဲ။ အိုးအားလုံး အကုန်အပြည့်ပဲ ဖြစ်လာတယ်နော်။

*(တင်ပါဘုရား)*

ဘုရားရှင်ဟာ အနန္တဂုဏ်အင်လို့ ပြောတယ်မဟုတ်လား။ မည်သည့်ပုဂ္ဂိုလ် တစ်ဦး

http://www.dhammadownload.com



တစ်ယောက်ကမှ တုနှိုင်းလို့မရ ပြိုင်ဖက်ကင်းတော်မူသော ဗုဒ္ဓနော်။

(တင်ပါဘုရား)

ဘုရားရှင်ကိုယ်တော်မြတ်ဟာ အဲဒီမှာ ဆွမ်းတွေသုံးဆောင်ပြီးတော့ သီရိဝမုသူကြွယ်နဲ့ ဂရဟာဒိန္န သူငယ်ချင်းနှစ်ယောက်ကို အကြောင်းပြုပြီး တရားဟောတော့ သူတို့နှစ်ယောက်လဲ သောတာပန်တည်ကြတယ်။

(တင်ပါဘုရား)

## တရားသံချို နာကြားလို

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားဟောတော့ သူငယ်ချင်းနှစ်ယောက် သောတာပန်တည်ခဲ့ပါတယ်။ သာသနာတော် မြတ်ကြီးကို နင်လားငါလား ချီးမြှောက် ထောက်ပံ့ပြီးတော့ ကဲ...ဒီကနေ့ သီရိဝမုန သူကြွယ်ဟာလဲ အသက်(၈၀)ရှိလာပြီနော်။

http://www.dhammadownload.com



အသက်အရွယ်ကလဲ ဇရာဒုဗ္ဗလ ရောက်လာလေတော့ ဘုရားရှင်ကို ဖူးတွေ့ချင်တိုင်းလဲပဲ တွေ့လို့မရတော့ဘူး။ ဘုရားရှင်နဲ့တော့ တွေ့ချင်ပါရဲ့။ ဘုရားရှင်ဟောကြားတဲ့ တရားတော့ နာချင်ပါရဲ့။ ဒါပေမဲ့လို့လဲ ဘုရားကျောင်းကို မရောက်နိုင်တော့ဘူး။

*(တင်ပါဘုရား)*

ဘယ်သူက နှိပ်စက်ထားလို့လဲ။

*(ဇရာကပါဘုရား)*

ဇရာ...ဟုတ်လား။ "ခန္ဓာကိုယ် ဇရာထောင်းလေတော့ ပြောင်းအိလို့ယွင်းရော်နောက်ပြန်လို့ မပျိုပါသည့် ရှေ့ကိုသာအိုမြဲ" ဒီလိုဆိုတယ်မဟုတ်လား။

*(တင်ပါဘုရား)*

ပြန်ပြီးတော့ ဘယ်တော့မှ မပျိုတော့ပါဘဲနဲ့ အိုပြီးတော့ ယွင်းရော်လို့လာပြီ။ ဇရာတရားက ထောင်းလိုက်တော့ ဗျာဓိက နှိပ်စက်လေပြီ။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ခန္ဓာတစ်ကိုယ်လုံး ထားစရာမရှိ။

*(တင်ပါဘုရား)*

နေစရာမရှိလောက်အောင်ထိ ပြင်းထန်တဲ့ ဝေဒနာ ခံစားနေရလို့ ဘယ်သူတုံး ပရိသတ်များရဲ့။

*(သီရိဝမှန သူကြွယ်ပါဘုရား)*

သီရိဝမှန သူကြွယ်နော်။ အဲဒီသူကြွယ်ရဲ့ သန္တာန်မှာ ဇရာဒုက္ခလက ပြင်းပြစွာ နှိပ်စက်လွန်းလို့ ကြားရဲ့လား။ ခန္ဓာကိုယ် တစ်ကိုယ်လုံး ဇရာဗျာဓိ နှိပ်စက်ဖန်များလာတဲ့အခါမှာ ရောဂါတွေ ဖြစ်လာခဲ့လေပြီ။ ဒါပေမဲ့လို့လဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဆုံးမထားလို့မို့ တရားတွေ သူ့သန္တာန်ထဲမှာ ရှိနေခြင်းကြောင့် သက်သောင့်သက်သာ ရနေပါတယ်နော်။ ဒါပေမဲ့လို့လဲ သက်သာရာ ရပင်ရငြားသော်လဲပဲ တရားတွေ နာချင်နေတယ်နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



နေမကောင်းဖြစ်ရင် ဘာဖြစ်ချင်တယ်။

*(တရားနာချင်ပါတယ်ဘုရား)*

တရားနဲ့ ကြိုတင်ပြီးတော့ တွေ့ထိထားတဲ့ ပုဂ္ဂိုလ်တွေ ဗုဒ္ဓအဆုံးအမတရားတွေကို အားပါးတရ ကျင့်ကြံပွားများ အားထုတ်ထားတဲ့ပုဂ္ဂိုလ်၊ သူတော်ကောင်းတရားခန္ဓာကိုယ်ထဲမှာ ပြည့်ဝထားတဲ့ ပုဂ္ဂိုလ်တွေဟာ တရားနာလို့ မဝဘူးတဲ့။

*(တင်ပါဘုရား)*

တရားတွေနာလို့ရှိရင် ရင်ထဲမှာ ချမ်းသာတယ်။ တရားနှလုံးသွင်းရလို့ရှိရင် နေလို့ကောင်းတယ်။ သံဃာတော်တွေနဲ့ ခဏခဏ ဖူးတွေ့လိုတယ်။ သံဃာတော်အရှင်မြတ်တို့ထံတော်ပါးဆီ သွားပြီး ဟောဖော်ညွှန်ပြတဲ့ တရားတော်မြတ်ကို နာကြားရမှစိတ်ထဲမှာ အေးချမ်းလာတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



နေမကောင်းဖြစ်လာပြီဆိုရင် ဘယ်သူ့ကို သတိရတယ်။

*(တရားကိုပါဘုရား)*

တရားတော်မြတ်ကို သတိရတာ တစ်မျိုး၊ သံဃာတော်များကို သတိရတာ တစ်မျိုး။ သြော်...လောကကြီး ငါ့ရဲ့ဘဝတစ်ခုလုံးဟာ နေဝင်ချိန်ရောက်တော့မှာပါလား။ ဘဝနေဝင်ချိန်ဟာ နီးကပ်လာပြီ၊ အင်း... နေမဝင်ခင်လေးမှာ ငါ ဘာလုပ်ရမှာလဲလို့ စဉ်းစားလိုက်ရင် မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြတဲ့ တရားဓမ္မတွေကို အားပါးတရ နာချင်နေသေးတယ်။ ဟုတ်လား။

*(တင်ပါဘုရား)*

မြတ်စွာဘုရားကို သတိရတာက တစ်မျိုး၊ သတိစွမ်းအားလေးတွေ ရလာတယ်။ ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောဖော်ညွှန်ပြတဲ့ တရားဓမ္မလေးတွေကို အမြဲမပြတ် သိနေတော်မူတဲ့ အရှင်အာနန္ဒာ

http://www.dhammadownload.com



နဲ့ တွေ့ချင်လာတယ်။ ဟုတ်လား။ နေမကောင်း များလာတော့ ဘယ်သူနဲ့ များများ တွေ့ချင်လာတယ်။

*(သံဃာတော်နဲ့ပါဘုရား)*

အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးနဲ့ တွေ့ချင်လာတယ်။ တွေ့ချင်လာတော့ အနားမှာရှိတဲ့ ငယ်ကျွန်ကိုခေါ်တယ်။

*(တင်ပါဘုရား)*

သားသမီးတွေကို မခေါ်ဘူး။ အခန်းထဲမှာ သူ့ရဲ့ငယ်ကျွန်တစ်ယောက်သာ ရှိတယ်နော်။

*(တင်ပါဘုရား)*

## ဝတ်ရည်စားသုံး ပျားပိတုန်း

ခုတင်ညောင်စောင်းမှာ လဲလျောင်းလို့ ဘေးနားမှာ သူ့ရဲ့ငယ်ကျွန်တစ်ယောက်ပဲ ရှိတယ်။ သူကြွယ်မနဲ့ သားသမီးတွေကို

http://www.dhammadownload.com



အပြင်မှာ ထွက်ခိုင်းထားတယ်။ ပြီးတော့မှ ငယ်ကျွန်ကို "အရှင်အာနန္ဒာထံတော်ပါးကို သွားပါလေ၊ အရှင်အာနန္ဒာမြတ်ထံတော်ပါး ရောက်တော့ ငါပြောတဲ့အတိုင်းသာ လျှောက် ထားပါလေ။ "အရှင်ဘုရား...သီရိဝဍ္ဎန သူ ကြွယ်က အရှင်ဘုရားကို ဦးတိုက်ပါတယ် ဘုရား။ သီရိဝဍ္ဎနသူကြွယ်ကြီးဟာ သာသနာ့ ဒါယကာကြီးတစ်ဦး ဖြစ်ပါတယ်။ ပစ္စည်း လေးပါး ထောက်ပံ့ထားတဲ့ ဒါယကာကြီး ဖြစ်ပါတယ်။ အခုအချိန်မှာလေ သီရိဝဍ္ဎန သူကြွယ်ကြီးဟာ နေမကောင်းဖြစ်နေပါပြီ။ မထနိုင်တော့ပါဘုရား။ သွားလို့လဲ မရတော့ ပါဘုရား။ ဒါကြောင့် အရှင်ဘုရား ကြွပြီး တော့ တရားတွေ ဟောပေးစေချင်ပါတယ်၊ သီရိဝဍ္ဎနသူကြွယ်က လျှောက်ထားလိုက်ပါ တယ်။ သီရိဝဍ္ဎန သူကြွယ်ရဲ့အိမ်ကိုကြွပြီး ချီးမြှောက်တော်မူပါ။ အရှင်ဘုရားကသာ မချီးမြှောက်ဘူးဆိုရင် သူကြွယ်က အလွန့် အလွန် ပင်ပန်းရပါလိမ့်မယ်ဘုရား" ဆိုပြီး

http://www.dhammadownload.com



သူ့ရဲ့ငယ်ကျွန်ကို မှာတယ်။

(တင်ပါဘုရား)

ငယ်ကျွန်ကလဲ ခပ်သွက်သွက်လေး သွားပြီး အရှင်အာနန္ဒာကို သွားလျှောက်တာ ညကြီးအချိန်အခါမှာတဲ့ ဒကာ,ဒကာမတို့။ ညဥ့်ကျော်ပြီး သန်းခေါင်ကျော် အချိန် လောက်ရှိချင်ရှိလိမ့်မယ်နော်။ အဲဒီတော့ အရှင်အာနန္ဒာကိုယ်တော်မြတ်က မနက် မိုးလင်းရင် ကြွလာခဲ့ပါမယ်လို့ ပြောတယ်။ ဒီတော့ မိုးလင်းလာတယ်ဆိုရင် သင်္ကန်း လေး အပြည့်ရုံပြီး သပိတ်ကလေးကိုလွယ် လို့ ကိုယ်တော်မြတ်ကြီး ကြွလာတယ် ဒကာ,ဒကာမတို့။

(တင်ပါဘုရား)

သီရိဝဍ္ဎန သူကြွယ်အိမ်ကို ကြွပြီးတော့ လာတယ်ပေါ့။ ဒီတော့ သီရိဝဍ္ဎနသူကြွယ် ဟာ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး အိမ်ထဲကို ကြွလာပြီဆိုတဲ့ အသံကို ကြား

http://www.dhammadownload.com


လိုက်ကတည်းကိုက စိတ်တဲမှာ ရွှင်လန်းနေတယ်တဲ့။

*(တင်ပါဘုရား)*

ဝမ်းပန်းတသာ ဖြစ်လာတယ်၊ ဟောငါမျှော်လင့်ထားတဲ့ အရှင်မြတ်နဲ့ တွေ့တော့မယ်။ အရှင်မြတ်ထံမှ တရားတွေ နာရတော့မယ်။ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးသည် ငါ့ကို တရားတွေဟောတော့မယ်၊ ငါ တရားတွေနာရတော့မှာပါလားဆိုပြီး ဝမ်းသာနေတယ် ပရိသတ်။

*(တင်ပါဘုရား)*

ဘာလုပ်ရမလို့ ဝမ်းသာနေတာတဲ့လဲ။

*(တရားနာရမလို့ပါဘုရား)*

တို့ပရိသတ်က ဒီလိုဖြစ်ချင်မှဖြစ်မှာ။ တချို့က တရားနာရတော့မယ်ဆိုရင် အဝေးကြီးက ရှောင်လွှဲချင်တယ်။ ဟုတ်ကဲ့လား။ တရားနာရတော့မှာ၊ တရားနှလုံးသွင်းရတော့မှာ၊ တရားထိုင်ရတော့မယ်ဆိုရင် အဝေး

http://www.dhammadownload.com



ကြီး သွားချင်တယ်။ စကားတွေ ဖောင်ဖွဲ့ပြောချင်နေကြတယ်။ ရိပ်သာတွေ ဖွင့်နေတယ်၊ ရိပ်သာသွားပြီး တရားနာရအောင်ဆိုရင် မသွားနိုင်တဲ့ဘဝ။ ကြောက်စရာမကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား)*

နီးလျက်နဲ့ ဝေးနေကြတဲ့ဘဝ။ လောကမှာ ရှိ,မရှိ။

*(ရှိပါတယ်ဘုရား)*

ဥပမာပေးရမယ်ဆိုရင် ကြာပင်ကြာရိုးအောက်မှာနေကြတဲ့ ဖားတို့သည် ကြာဝတ်ဆံလေးကို မစားသုံးပါဘဲနဲ့ ပျားပိတုံးလေးတွေက ကြာဝတ်ဆံလေး စားသုံးဖို့အတွက် တောတောင်ကန္တာရကိုဖြတ်လို့လာပြီး စားသုံးနေတာကို တောင်အောက်ကဖားက မြင်ရင် ဟော...ပျားပိတုံးတွေဟာ ဟိုပျံ၊ ဒီခုန်ပျံပြီး နေကြတယ်လို့ မြင်တယ်နော်။ ကြာရွက်ပေါ်လေးတွေထက်မှာ တက်ပြီးနေတဲ့

http://www.dhammadownload.com



ဖားကောင်ကလေးတွေက ကြာဝတ်မှုံလေးတွေကို စားသုံးကြသလား။

*(မစားသုံးပါဘုရား)*

မစားဖြစ်ဘူးနော်။ ဘယ်သူက စားသုံးနေတယ်။

*(ပျားပိတုံးပါဘုရား)*

ဩော်...လောကမှာ နီးရက်နဲ့ဝေးနေရတဲ့ ပုဂ္ဂိုလ်တွေ ရှိ,မရှိ။

*(ရှိပါတယ်ဘုရား)*

အေး...တရားနဲ့တော့ နီးပါရဲ့။ ဒါပေမဲ့ တရားကို နှလုံးမသွင်းဖြစ်၊ ဟုတ်လား။ အနီး အနားမှာတော့ တရားစခန်းတွေ ဖွင့်ဖြစ်ပေမဲ့ လာပြီးတော့ တရားတွေ အားမထုတ်ဖြစ်၊ တရားတွေမနာဖြစ်ပါ။ ဝမ်းနည်းစရာ ကောင်းလွန်းတယ်။

*(တင်ပါဘုရား)*

ဒီနေ့ကြည့်ပါလား။ သိရိဝဍ္ဎသူကြွယ်ကျပြန်တော့ အရှင်မြတ်ကြွလာပြီလို့ သတင်း

http://www.dhammadownload.com



လေး ကြားလိုက်တာနဲ့ ဘာဖြစ်နေတာတဲ့လဲ။

*(ဝမ်းသာနေပါတယ်ဘုရား)*

ဝမ်းပန်းတသာ ရွှင်လန်းနေတာ။ လက်အုပ်ကလေးချီပြီးတော့ ကြိုဆိုနေတယ်။ အရှင်မြတ်က သပိတ်လေး အနားမှာချပြီးတော့ ထိုင်လိုက်တယ်နော်။

*(တင်ပါဘုရား)*

## ဓမ္မအစွမ်း ဝေဒနာကိုလွှမ်း

ထိုင်တော့ ဘာပြောသလဲလို့ဆိုရင် သီရိဝဍ္ဎနသူကြွယ်...ဒကာကြီး၊ ရောဂါဝေဒနာသက်သာရာ ရပါရဲ့လား။ သင့်သန္တာန်ထဲမှာ ခံစားနေရတဲ့ ဝေဒနာတွေ ဆုတ်ယုတ်ပါရဲ့လား။ ဆုတ်ယုတ်တယ်လို့ ထင်မှတ်ပါရဲ့လား။ နေရထိုင်ရတာ အဆင်များပြေရဲ့လား...လို့ လှမ်းပြီးတော့ မေးလိုက်တဲ့ခဏလေးမှာ သီရိဝဍ္ဎနသူကြွယ်က "အရှင်

http://www.dhammadownload.com



ဘုရား၊ တပည့်တော်ရဲ့သန္တာန်ထဲမှာ ရောဂါဝေဒနာတို့သည် မဆုတ်ယုတ်ပါဘုရား၊ တစ်နာရီနဲ့ တစ်နာရီ မတူတော့ပါဘုရား၊ ကုန်ခဲ့တဲ့နာရီထက် ဒီနာရီက ပိုပြီးတော့ ပြင်းထန်လာပါတယ်။ တပည့်တော် ခံစားနေရတဲ့ ဝေဒနာတွေကို ပြောရမယ်ဆိုရင် ဘုရားတပည့်တော် ခန္ဓာကိုယ်ထဲမှာလေ ဝေဒနာတွေ များလွန်းလို့ သံကောက်ကြီးနဲ့ ဆွဲထိုးသလို၊ အူတွေကို သံကုတ်ကြီးနဲ့ဆွဲပြီးတော့ ထုတ်ဘိသကဲ့သို့ နာကျင်ကိုက်ခဲမှု ဝေဒနာ ခံစားနေရပါတယ်။ တပည့်တော် အသည်းနှလုံးတွေကို ဓားတွေနဲ့ လှီးဖြတ်နေသလို ခန္ဓာကိုယ်ထဲမှာ ဝေဒနာတရားတို့သည် ပြင်းထန်လို့နေပါတယ်ဘုရား။

ခန္ဓာကိုယ်ထဲမှာဖြင့် ပြောင်းဆန်တွေခတ်ပြီး ခံစားနေရပါတယ်။ ဒါပေမဲ့ ခန္ဓာကိုယ်ကြီးက ရောဂါဝေဒနာတွေ ဘယ်လောက်ပင် ပြင်းပြင်းထန်ထန် ပြငြားသော်လည်း တပည့်တော်ရဲ့စိတ်ထဲမှာ ချမ်းသာ

http://www.dhammadownload.com



လျက် ရှိပါတယ်ဘုရား။

*(တင်ပါဘုရား)*

အရှင်ဘုရားသိအောင် တပည့်တော် ပြောပြတာပါဘုရား။ တပည့်တော် ခန္ဓာကိုယ်ထဲမှာ အို...ခြေထောက်တွေကို လှည့်လိုက်ရင်လဲ သံပူကြီး သံဂေါက်ကြီးတွေလိုမဲ ဘုရား။ အကြောတွေဆွဲနေသလို ခံစားရပါတယ်။ ဒူးတွေ၊ ပေါင်တွေမှာလဲ အကြောတွေကို တစ်ယောက်ယောက်က လှမ်းပြီး သံစူးတွေနဲ့ ထိုးနေဘိသကဲ့သို့၊ ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်ပြန်တော့လဲ တစ်ယောက်က သံချွန်ကြီးနဲ့ထိုးသလို၊ တပည့်တော်ရဲ့ ကျောတွေမှာ သံပူပြားကြီး ကပ်ထားသလိုပါပဲ ဘုရား။ အလွန်တရာ ပြင်းထန်လှစွာသော ဝေဒနာကြီးကို ခံစားရပါတယ်။ အရှင်ဘုရား တပည့်တော် သန္တာန်ထဲမှာ ဘယ်လောက်ပင် ပြင်းပြင်းထန်ထန် ရောဂါဝေဒနာကြီး ဖြစ်ပင်ဖြစ်ငြားသော်လည်း တပည့်တော်သည် ဒီဝေဒနာကို သည်းခံပြီး

http://www.dhammadownload.com



တော့ နေတတ်ပါတယ်။

ဘာရဲ့စွမ်းအားတွဲလဲ။

*(တရားရဲ့ စွမ်းအားပါဘုရား)*

သေခါနီးမှ ကြိုးစားတာလား။ ကြိုပြီး အားထုတ်ထားလို့လား။

*(ကြိုပြီး အားထုတ်ထားလို့ပါဘုရား)*

"မသေခင်မှာ တရားရှာရင် သေခါ သက်သာတယ်"တရားဆိုတာ မသေခင်လေး၊ ကျန်းမာစဉ်လေးမှာ ကြိုပြီး ရှာထားရတယ်။

*(တင်ပါဘုရား)*

အဲသလို ကြိုတင်ပြီးရှာထားမှ ရောဂါ ဝေဒနာတွေ နှိပ်စက်တဲ့နေ့မှာ ပြုံးနိုင်သလား၊ မဲ့နိုင်သလား။

*(ပြုံးနိုင်ပါတယ်ဘုရား)*

ဘာကနေရာယူထားပြီးပြီတဲ့လဲ။

*(တရားကပါဘုရား)*

ဝိပဿနာဆိုတဲ့ ဓမ္မစွမ်းအားက နေရာ ယူထားခြင်းကြောင့် ရောဂါဝေဒနာကို

http://www.dhammadownload.com



ဝိပဿနာဉာဏ်က တွန်းလှန်ထားနိုင်တာ။ ဒီနေ့ သီရိဝဍ္ဎနသူကြွယ်ကို ဥပမာဆောင်ပြီးတော့ ပြောနေတယ်နော်။

*(တင်ပါဘုရား)*

တို့ဒကာ,ဒကာမများက ဩော်...ငါနဲ့မဆိုင်ဘူး။ ဒီလိုမမှတ်နဲ့။ ဟိုမှာက ဥပမာ၊ တို့ဒကာ,ဒကာမများက ဥပမေယျ၊ တို့သန္တာန်ထဲမှာ ဒီလိုမှတ်ရမယ်ဆိုတာလေးကို သိစေချင်လို့ပါ။

*(တင်ပါဘုရား)*

ကြည့်လေ၊ နောက်ဆုံး ဘဝနေဝင်ချိန်ရောက်ခါနီးလေးမှာ ရောဂါဝေဒနာတွေဖြစ်လာတယ်။ သီရိဝဍ္ဎနသူကြွယ်ကြီးဝေဒနာကို ခံစားနေရတဲ့နေ့လို ရောဂါဝေဒနာကို ဝိပဿနာဉာဏ်တို့ဖြင့် တွန်းလှန် ဖယ်ရှားဘိသကဲ့သို့ ဟုတ်ကဲ့လား။

*(တင်ပါဘုရား)*

အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက

http://www.dhammadownload.com



ဒကာကြီး၊ ဒါဆိုရင် သင် ဒီလောကထိ ပြင်းထန်တဲ့ရောဂါဝေဒနာကို ခံစားနေရလေတော့ ဘုရားရှင်မိန့်တော်မူတဲ့ "ဝေဒနာကမ္မဋ္ဌာန်း"ကို သင် မှတ်ရမှာပေါ့လို့ ဆက်ပြီး တရားဟောပြီနော်။ အို...သူကြွယ်ဒကာကြီး၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆင်ခြင်စူးစိုက်လှစွာသော သတိတရားကို လက်ကိုင်ထား၍ ရုပ်အပေါင်းနဲ့ နာမ်အပေါင်းကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ ကြည့်ရပါမယ်။ သူကြွယ်၊ ဘုရားရှင်က မိန့်တော်မူတယ်မဟုတ်လား။ သင့်ခန္ဓာကိုယ် ဖောက်ပြန်နေတဲ့ ရုပ်တရားကို "ရုပ်တရား"လို့ "ဖောက်ပြန်နေတဲ့တရား"လို့ ဉာဏ်ထဲမှာ ထင်ရှားအောင် ကြည့်ရပါမယ်။

ပြင်းထန်သော လုံ့လဝီရိယကို တင်ပြီးတော့ သတိ သမ္ပဇဉ် ဉာဏ်ယှဉ်၍ ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်နေတဲ့ အာရုံခံတက်ကလေးကို သတိလေးကပ်ပြီးတော့ ဉာဏ်

http://www.dhammadownload.com



လေးနဲ့ ကြည့်ရပါမယ်။ သူကြွယ်၊ သင့်ခန္ဓာကိုယ်ထဲမှာ အများဆုံးပေါ်နေတဲ့ အာရုံ သိမ် အရူမတွေဟာ အမြဲမပြတ် ထွန့်ထွန့်လူးပြီး သင်ခံစားနေရတယ်ဆိုရင် အဲဒီနေရာကလေးကို သတိလေးကပ်ပြီးတော့ စူးစိုက်ကာ ဉာဏ်ကလေးနဲ့ အကဲခတ်ကြည့်ပေးပါ။

*(တင်ပါဘုရား)*

## ရေပွက်ပမာ ဒေနာ

မြတ်စွာဘုရားရှင်မိန့်တော်မူတဲ့ ကာယာနုပဿနာတရား အခြေခံထားပြီးတော့ မှတ်ရပါမယ်။ ဒုတိယအနေအားဖြင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားကို အခြေခံထားပြီး ရှုရပါမယ်။ ဒါယကာ သူကြွယ်၊ သင့်သန္တာန်ထဲမှာ ရုပ်ပိုင်းဆိုင်ရာ ဖောက်ပြန်လေတော့ အလွန်တရာ နေမရ ထိုင်မရ ခံစားနေရတဲ့ ဝေဒနာလေးတွေပေါ် မှီပြီး

http://www.dhammadownload.com



သတိကပ်၊ ဉာဏ်ကလေးနဲ့ အကဲခတ် မှတ်ရပါမယ်။ သူကြွယ်...သင့်ခန္ဓာကိုယ်ကြီးတစ်ကိုယ်လုံးမှာလေ ပေါ်နေတာတွေကို ပထမခြုံပြီးတော့ မကြည့်နဲ့ဦး။ အများကြီးပေါ်နေထင်ရှားနေတဲ့ နှစ်နေရာ သုံးနေရာထဲကအများဆုံးပေါ်နေတဲ့ နေရာကို ရွေးလိုက်ပါ။ ဒကာ,ဒကာမတွေ...အာရုံလေး စူးစိုက်ပြီးတော့ နှလုံးသွင်း နာကြနော်။

*(တင်ပါဘုရား)*

ကမ္မဋ္ဌာန်းရွေးချယ်ပုံလေးကို အရှင်အာနန္ဒာက သင်ပေးနေတယ်။

*(တင်ပါဘုရား)*

ပြီးတော့ သူကြွယ်ရေ၊ သင့်ခန္ဓာတစ်ကိုယ်လုံးမှာ ဖောက်ပြန် နာကျင်နေတဲ့ နေရာတွေ မြောက်မြားစွာ ရှိပင်ရှိငြားသော်လည်း အများဆုံးပေါ်တဲ့နေရာကို စိတ်ကရွေးလိုက်စမ်းပါ။ အဖောက်ပြန်ဆုံး ပေါ်နေတဲ့ နေရာလေးကို စိတ်ကလေးနဲ့ကပ်ပြီးတော့ ကြည့်။ ဆွဲနုတ်ဘိသကဲ့သို့ ဖြစ်နေတဲ့

http://www.dhammadownload.com



အူတွေ ပြောင်းဆန်နေတဲ့ နေရာလေးကို ကြည့်။ အဲဒီခံစားမှုပေါ်နေတဲ့ နေရာလေးကို စိတ်က စူးစိုက်ပြီးတော့ ကြည့်ပါ။ စိတ်ကလေးနဲ့ညွှတ်ကာ စူးစိုက်ပြီး ကြည့်လိုက်တဲ့ ခဏလေးမှာ အဲဒီ ဖောက်ပြန်မှုပေါ်နေတဲ့ နေရာလေးပေါ်မှာ ခံစားနေတဲ့ ဝေဒနာစာတ်ကလေးကို ဉာဏ်ကလေးနဲ့ ကပ်ပြီးတော့ကြည့်။ ဒီလိုဆိုတယ် ဟုတ်လား။

*(တင်ပါဘုရား)*

ပထမတော့ ခံစားနေရတယ်လို့ သိတယ်။ အဲဒီနေရာမှာ ဖောက်ပြန်နေတာကို သိ။ ဒုတိယအနေအားဖြင့် ဒီခံစားနေတဲ့ ဝေဒနာရဲ့ ပြောင်းလွဲနေတဲ့သဘောကို မြင်ပါစေ။

နားလည်တယ်နော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်မြတ်က "ဝေဒနံဟိ ဝိကုံပို့တွာ အနိစ္စတော ပဇာနာတိ၊ ဒုက္ခတော ပဇာနာတိ၊ အနတ္တတော ပဇာနာတိ။ အေးသူကြွယ်၊ ခန္ဓာကိုယ်ထဲဝယ် ဝေဒနာတွေမြင်ခဲ့ငြားအံ့။ အဲဒီဝေဒနာကိုခွာ၍ အနိစ္စမြင်ပါစေ။

ဘာကိုခွာပြီးတော့တဲ့လဲ။

*(ဝေဒနာကိုပါဘုရား)*

ဝေဒနာကိုခွာပြီး အနိစ္စမြင်ပါစေ။ ဝေဒနာကို မြင်ရမှာလား။ အနိစ္စကို မြင်ရမှာလား။

*(အနိစ္စကို မြင်ရမှာပါဘုရား)*

အဲဒီဝေဒနာ ပေါ်တဲ့နေရာလေးမှာ သတိလေးကပ်ပြီးတော့ ဉာဏ်လေးနဲ့ ကြည့်လိုက်သည်ရှိသော် အကြည့်ခံဖြစ်တဲ့ ဝေဒနာစိတ်၊ အာရုံစိတ်တို့သည် တဖျတ်ဖျတ်နဲ့ ပြောင်းလွဲနေတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဝေဒနာရဲ့ သဘောသည် ပရိသတ် အပေါင်း သူတော်ကောင်းများ၊ ရေပွက်ပမာ ရေပွက်တွေ တစ်ပွက်ပြီးတစ်ပွက် ပွက်နေ တာ မြင်ရဘိသကဲ့သို့ "ဝေဒနာစက်၊ ရေ ပွက် သဏ္ဍာန်၊ အနိစ္စပဲ မမြဲအမှန်၊ မကောင်း ဘဲမို့ ဆင်းရဲပူပန်၊ အနိစ္စ-ဒုက္ခ-အနတ္တ မှတ်ကြဝေကန်"တဲ့။ ဝေဒနက္ခန္ဓာကိုယ်ကြီး ကို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ဝေဒနာတဲ့ ရေပွက်ခန္ဓာတဲ့။ ကောင်းကင် ပေါ်ထက်က မိုးပေါက်တွေ မကျဘူးလား။

*(ကျပါတယ်ဘုရား)*

ရွှေ့မှာ ရေပြင်ကြီးမှာ ရေပွက်တွေ ပွက် ပွက်လို့ မပွက်ဘူးလား။

*(ပွက်ပါတယ်ဘုရား)*

ရေပွက်တွေပွက်တာ ဖတ်ခနဲဆိုရင် ဘာဖြစ်သွားပါလိမ့်။

*(ပျောက်သွားပါတယ်ဘုရား)*

ပျောက်ပျောက်သွားတယ်နော်။ တည်

http://www.dhammadownload.com



တုံ့မှု ရရဲ့လား။

(မရပါဘုရား)

အဲသလိုပဲတဲ့၊ ဒါယကာသူကြွယ်၊ ဒါယကာရဲ့စိတ်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို သတိနဲ့ကပ်ပြီးတော့ ကြည့်ပါ။ ဝေဒနာကို ခွာပြီးတော့ အနိစ္စမြင်ပါစေ။ ဝေဒနာကို ခွာပြီးတော့ ဒုက္ခမြင်ပါစေ။ ဝေဒနာကို ခွာပြီးတော့ အနတ္တမြင်ပါစေ။ ဝေဒနာကို ကျော်လွန်ပြီးတော့ ဖြစ်ပျက်တွေ မြင်ပါစေ။ တစ်ခါတစ်ရံကျတော့ ဝေဒနာတွေဟာ တစ်နေရာက ပြင်းပြင်းထန်ထန် ပေါ်နေတယ်။ မှတ်လို့မရအောင် ပေါ်နေတယ်ဆိုရင် လျစ်လျူရှုလိုက်၊ သူ့ကို မမှတ်နဲ့တော့ ဟုတ်လား။

(တင်ပါဘုရား)

ဝင်လေ ထွက်လေလေးပေါ်မှာ သတိကပ်ပြီးတော့ မှတ်လိုက်။ ရှင်းရဲ့လား။

(တင်ပါဘုရား)

http://www.dhammadownload.com


ဝင်လေထွက်လေလေးပေါ်မှာ ဝင်လေလေး ပေါ်ပြီးတော့ ချုပ်ပျောက်သွားတာ လှမ်းပြီးတော့ကြည့်ထား။ ထွက်လေလေး ပေါ်ပြီးတော့ ချုပ်ပျောက်သွားတာ လှမ်းပြီးတော့ ကြည့်။ ဟိုမှာ ပြင်းထန်ပြီး ကြမ်းတမ်းတဲ့ ဩဠာရိကဝေဒနာကို ဘေးဖယ်ထားလိုက်၊ ဥပေက္ခာပြုထားလိုက်။

*(တင်ပါဘုရား)*

လျှစ်လျူရှုပြီးတော့ မိမိစိတ်ကို နှာခေါင်းဝမှာစိုက်ပြီးတော့ သတိကပ်ပြီးတော့ ကြည့်။ သဘောပေါက်ရဲ့လား။

*(တင်ပါဘုရား)*

အဲဒီခါကျလို့ရှိရင် သတိကောင်းလာတဲ့ခါ ဟိုပြင်းထန်နေတဲ့ ဝေဒနာပေါ်ကို ပြန်ပြီး ရှုမှတ်ကြည့်။ အဲသလို ကြည့်ရင်း ကြည့်ရင်းနဲ့ ဝေဒနာဟာ အနိစ္စတော ဒုက္ခတော အနတ္တတော ပဏာနာတိတဲ့။ ဝေဒနာကို ချာ၍ မမြဲတဲ့သဘောတွေ မြင်လာမယ်။

http://www.dhammadownload.com


ဆင်းရဲတဲ့သဘောတွေ၊ မပိုင်တဲ့သဘောတွေ မြင်လာမယ်။ တစ်နည်းအားဖြင့် ဝေဒနာကို မတွေ့တော့ပါဘဲနဲ့ ဖြစ်ခြင်း ပျက်ခြင်းကိုပဲ မြင်ရပါလိမ့်မယ်။ တွေ့ရပါလိမ့်မယ်နော်။

*(မှန်ပါဘုရား)*

ဝေဒနာကိုမြင်ရမှာလား၊ ဖြစ်ပျက်ကို မြင်ရမှာလား။

*(ဖြစ်ပျက်ကို မြင်ရမှာပါဘုရား)*

ဒါက အရှင်အာနန္ဒာက သင်ပေးနေတာနော်။

*(တင်ပါဘုရား)*

## အဆိုးဝေဒနာမှ အကျိုးရှာ

ဘုရားရှင်မိန့်တော်မူတဲ့ စကားလုံးအတိုင်း မိန့်နေတယ်။ အေးလား ဒါယကာသူကြွယ်၊ သင့်သန္တာန်မှာ ဝေဒနာရဲ့သဘောလက္ခဏာကို မြင်ပါစေ။ ဝေဒနာကိုခွာ၍

http://www.dhammadownload.com



အနိစ္စ မြင်ပါစေတဲ့။ ဘုန်းကြီးတို့လဲ ပြောဖူးပါတယ်။ မဟာတိဿ မထေရ်မြတ်ကြီး ကိုယ့်ပေါင်ကို ကိုယ်ထုချိုးလိုက်ပြီးတဲ့အခါ ပေါင်မကျိုးသွားဘူးလား။

*(ကျိုးသွားပါတယ်ဘုရား)*

ခိုးသားတွေ မသတ်မိအောင်လို့လေ။ တရားတွေ မှတ်ပါရစေဦးဆိုပြီး မင်းတို့ တစ်ညလောက်ခွင့်ပြုပြီးမှ မင်းတို့စိတ်ကြိုက် လုပ်ကြပါဆိုပြီး ခွင့်တောင်းတယ်။ သူတို့က "အရှင်ဘုရား ထွက်ပြေးမှာပေါ့"ဆိုတော့ ထွက်မပြေးနိုင်အောင်လို့ ငါ သက်သေပြပါ့ မယ်ဆိုပြီး ပေါင်ကိုချိုးလိုက်တယ် မဟုတ်လား။

*(တင်ပါဘုရား)*

ဒါဆိုရင် ပေါင်ကျိုးသွားတဲ့ ဝေဒနာ ခံစားနေရတဲ့ ဒုက္ခဝေဒနာကြီးကို သတိနဲ့ ကပ်ပြီးတော့ ကြည့်လိုက်လိုက်တိုင်း ဝေဒနာ ကို ကြည့်သလား၊ ဝေဒနာရဲ့ ဖြစ်ပျက်ကို

http://www.dhammadownload.com



ကြည့်သလား။

*(ဝေဒနာရဲ့ ဖြစ်ပျက်ကို ကြည့်ပါတယ်ဘုရား)*

အဲဒီခံစားနေတဲ့နေရာမှာ သတိနဲ့ကပ်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ အကြည့်ခံဝေဒနာ ခတ်တို့သည် တဖျတ်ဖျတ်နဲ့ ဘာဖြစ်နေပါလိမ့်။

*(ပျက်စီးနေပါတယ်ဘုရား)*

အစားထိုးပေါ် ချုပ်ပျောက်နဲ့ တိုးလိုက်လျော့လိုက် ပြောင်းလွဲမနေဘူးလား။

*(နေပါတယ်ဘုရား)*

ဖြစ်လိုက် ပျက်လိုက်နဲ့ တွေ့နေတယ်မဟုတ်လား။

*(တင်ပါဘုရား)*

ဝေဒနာကိုတွေ့တာလား၊ ဖြစ်ပျက်ကိုတွေ့တာလား။

*(ဖြစ်ပျက်ကို တွေ့တာပါဘုရား)*

http://www.dhammadownload.com



ဖြစ်ခြင်း ပျက်ခြင်းကို မြင်ရမယ်နော်။

*(တင်ပါဘုရား)*

ဒီတော့ ဝေဒနာကိုရှာပြီးတော့ ဘာမြင်ရမယ်။

*(ဖြစ်ပျက်ကိုပါဘုရား)*

ဖြစ်ခြင်း ပျက်ခြင်းကို မြင်ရမယ်၊ တွေ့နေရမယ် မဟုတ်လား။

*(တင်ပါဘုရား)*

အဲဒီတော့ အရှင်အာနန္ဒာ ကိုယ်တော့်မြတ်ကြီးက ဒါယကာသူကြွယ် ဝေဒနာကို မမြင်စေနဲ့။ ဝေဒနာရဲ့ အဖြစ်အပျက် လက္ခဏာကို မြင်အောင်ကြည့်ဆိုတော့မှ ဒုတိယ တတိယအကြိမ် စူးစိုက်ပြီး ကြည့်ပြန်တယ်။

*(တင်ပါဘုရား)*

ဒေါမနဿစိတ်ကလေးတွေ ဝင်လာရင် ဒီဒေါမနဿစိတ်ကလေးတွေကို ပြန်ပြီးတော့ ဖြစ်ပျက်မြင်စေတယ်။ အဲဒီစိတ်

http://www.dhammadownload.com



ကလေးကို သတိနဲ့ကပ်ပြီးတော့ ကြည့်နေပြီပေါ့။

*(တင်ပါဘုရား)*

ဝမ်းသာစရာပေါ်ရင်လဲ ဝမ်းမသာနေစေတဲ့။ ဝမ်းနည်းစရာပေါ်ရင်လဲ ဝမ်းမနည်းစေနဲ့။ အဲဒီ ဝမ်းသာတဲ့စိတ်ကလေး ဖြစ်ပြီးပျက်စီးနေတာ သတိနဲ့ကပ်ပြီးကြည့်။ ဝမ်းနည်းစရာပေါ်နေတဲ့ စိတ်ကလေးကို သတိနဲ့ကပ်ပြီးကြည့်။ ဒီလိုကြည့်လိုက်တာနဲ့ ဖျတ်ဆိုရင် ရှိသေးသလား။

*(မရှိတော့ပါဘုရား)*

ပျောက်သွားတာပဲ။ စိတ်မှာဖြစ်၍ စိတ်မှာပဲ ပျက်သွားပါတယ်။

*(တင်ပါဘုရား)*

ဟုတ်လား ဒကာ,ဒကာမတို့။ ဝမ်းနည်းတယ်ဆိုတာ ဘယ်မှာပေါ်နေတာ။

*(စိတ်မှာပါဘုရား)*

http://www.dhammadownload.com



စိတ်မှာပေါ်နေတာလေးကို သတိနဲ့ ကပ်ပြီးတော့ ကြည့်လိုက်လို့ရှိရင် ဖြစ်ပြီး ပျက်သွားတာပေါ့။ ရှေ့စိတ်ကို နောက်စိတ်က ကြည့်နေတယ်နော်။

*(တင်ပါဘုရား)*

ဝမ်းသာတာလေးကလဲ ဖြစ်ပြီး ပျက်သွားတယ်။ ဒါဆိုရင် ဝမ်းနည်းတဲ့စိတ် ဖြစ်ဖြစ်၊ ဝမ်းသာတဲ့စိတ်ဖြစ်ဖြစ် ပေါ်လာတဲ့ စိတ်အာရုံ ခဏကလေးတို့သည် ဖြစ်ပြီး ဘာဖြစ်သွားပါလိမ့်။

*(ပျက်စီးသွားပါတယ်ဘုရား)*

ဖြစ် ပျက်က ဘာသစ္စာပါလိမ့်။

*(ဒုက္ခသစ္စာပါဘုရား)*

လှမ်းမြင်နေတာလေးက ဘာသစ္စာတဲ့လဲ။

*(မဂ္ဂသစ္စာပါဘုရား)*

"တဏှာ ဥပါဒါန် ကမ္မဘဝ"အာရုံ သေနေတာက–

*(သမုဒယသစ္စာပါဘုရား)*

http://www.dhammadownload.com



ငြိမ်းတာ ဘာသစ္စာ (ရာဂ ဒေါသ မောဟ)

*(နိရောဓသစ္စာပါဘုရား)*

ဒီတော့ သစ္စာလေးပါး ပေါ်နေတယ် မဟုတ်လား။

*(တင်ပါဘုရား)*

ခန္ဓာကိုယ်ကို ဘာနဲ့ကြည့်နေလို့။

*(ဉာဏ်နဲ့ပါဘုရား)*

ဉာဏ်နဲ့ကြည့်နေလို့နော်။

*(တင်ပါဘုရား)*

ဒီတော့ အရှင်အာနန္ဒာကိုယ်တော်မြတ်က ဒါယကာသူကြွယ်၊ သင့်သန္တာန်ထဲမှာ စိတ်ကလေးပေါ်လာရင် စိတ်ကလေးကို သတိနဲ့ကပ်ပြီးတော့ မှတ်ပါလို့ မပြောနေဘူးလား။

*(ပြောနေပါတယ်ဘုရား)*

သူကြွယ်ကလဲပဲ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးဟောတဲ့ တရားလေးကို စိတ်

http://www.dhammadownload.com



တွေ ရှုးစိုက်ပြီး နှလုံးသွင်းနေတယ်။

*(တင်ပါဘုရား)*

နှလုံးသွင်းနေတော့ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတဲ့ အာရုံတရားတို့သည် ဟောတဲ့ တရားနဲ့ တစ်ထပ်တည်း ဖြစ်နေတာနော။

*(တင်ပါဘုရား)*

ဟောတဲ့တရားကို ခန္ဓာမှ ဉာဏ်နဲ့ လှည့်နေတယ်။ အရှင်အာနန္ဒာကိုယ်တော် မြတ်ကြီးက ဒါယကာသူကြွယ်၊ သင့်သန္တာန် ထဲမှာ ခံစားနေရတဲ့ ဝေဒနာရဲ့ သဘော လက္ခဏာလေးကို ဉာဏ်နဲ့ကပ်ပြီးတော့ ဖြစ် ပျက် မြင်ပါစေ။ ဒီလိုပြောနေတယ် မဟုတ် လား။

*(တင်ပါဘုရား)*

အရှင်မြတ်ကပြောတော့ သီရိဝဍ္ဎန သူကြွယ်ရဲ့ ဉာဏ်ကလဲပဲ ဟောတဲ့အသံနဲ့ ကပ်ထားတာကိုး။

*(တင်ပါဘုရား)*

http://www.dhammadownload.com



## ရုပ်ခေတ် အသံ ဥာဏ်ကပ်ယှဉ်

အသံကို ဘာနဲ့ကပ်ထားတယ်။

*(ဥာဏ်နဲ့ပါဘုရား)*

ဥာဏ်နဲ့ကပ်ထားတာ။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဟောတဲ့တရားကို ဥာဏ်ကလေးနဲ့ စိုက်ပြီးတော့ ခန္ဓာကိုယ်ကို ကြည့်နေတာ တရားနာ မှန်တယ်နော်။

*(တင်ပါဘုရား)*

ကိုယ့်ရဲ့ အသံခေတ်ပေါ်မှာ ဥာဏ်နဲ့ ကပ်ပြီးတော့ ဒီခန္ဓာကိုယ်ကို ကြည့်နေတာ၊ အရှင်ကလဲ ခန္ဓာကိုယ်ကိုကြည့်ပြီး ဟောနေတယ် မဟုတ်လား။

*(တင်ပါဘုရား)*

နာတဲ့ပုဂ္ဂိုလ်ကလဲ ခန္ဓာကြည့်ပြီး နာနေတာလေ။

*(တင်ပါဘုရား)*

ဟောတဲ့ပုဂ္ဂိုလ်ကလဲ ခန္ဓာအရှိနဲ့ ဥာဏ်

http://www.dhammadownload.com



အသိနဲ့။ နာတဲ့ပုဂ္ဂိုလ်ကလဲ ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ မဟုတ်လား။

*(တင်ပါဘုရား)*

ဟောတဲ့တရားကလဲ အနှစ်။ နာတဲ့ တရားကလဲ အသစ်။ ဟုတ်ကဲ့လား။

*(တင်ပါဘုရား)*

တရားနာတဲ့ပုဂ္ဂိုလ်ရဲ့ နားထဲမှာလဲ အသစ်အဆန်း ရှိမနေဘူးလား။

*(ရှိနေပါတယ်ဘုရား)*

## ဉာဏ်စဉ်ဆင့်ဆင့် မဂ်ဉာဏ်ပွင့်

အို တစ်ခါတလေ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ တစ်ခါတလေ စိတ်ကလေးရှုခိုင်းပြီး စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ တစ်ခါတစ်ရံ ခန္ဓာကိုယ်ထဲမှာ ဆင်းရဲတဲ့သဘောတွေကို ဆင်းရဲတဲ့ သဘောအတိုင်း ကြည့်တတ်အောင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တွေနဲ့ ငါဆင်းရဲ

http://www.dhammadownload.com



တယ်လို့ ပိုင်ရှင်မခံပါနဲ့ ဒကာကြီးရေ၊ ခန္ဓာရှိရင် ဒီလိုပါပဲ။ ခန္ဓာရှိရင် ဝေဒနာရှိတယ် ...စသည်အားဖြင့် သစ္စာတရားတွေ တင်ပြီးတော့ သတိပဋ္ဌာန်တရားလေးတွေဟောရင်း ဟောရင်းနဲ့ပင်လျှင် သီရိဝဍ္ဎနသူကြွယ်ရဲ့ စိတ်ထဲမှာ ရွှင်လန်းပြီးတော့ ဝမ်းသာနေတယ် ပရိသတ်။

*(တင်ပါဘုရား)*

ပြုံးရွှင်သောမျက်နှာဖြင့် လှမ်းပြီးသကာလ အရှင်မြတ် ဟောဖော်ညွှန်ပြတဲ့ တရားဓမ္မကို ကြိုဆိုခဲ့ပါသည်။

*(တင်ပါဘုရား)*

ရွှင်လန်းသောအာရုံဖြင့် အရှင်မြတ် ဟောတဲ့တရားကို နာခံမှတ်သားနေပါသည်။ နှလုံးသားနဲ့ လက်ခံလို့နေပါသည်။ ဒီလို ရှုမှတ်ရင်းပင်လျှင် ပထမကတည်းက သောတာပတ္တိမဂ်ဉာဏ်ကို ရခဲ့ပြီးသားနော်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ဒီတရားနာနေတဲ့ ခန္ဓာကိုယ်ထဲမှာ အချိန်ပိုင်းလေးမှာပင်လျှင် သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်မှတစ်ဆင့် သကဒါဂါမိ မဂ်ဉာဏ် ရရှိခဲ့လေပြီ။ အရှင်မြတ်ရဲ့ ရှေ့မှာ နော်။

*(တင်ပါဘုရား)*

နားက တရားနာ၊ ခန္ဓာဉာဏ်လှည့်လို့ အရှင်မြတ်က ရှေ့ကဟောသွား၊ သူကြွယ် က နောက်က ဉာဏ်ကလေးနဲ့ မှီပြီးတော့ လိုက်နေတာ။

*(တင်ပါဘုရား)*

အရှင်မြတ်ကလဲ ဉာဏ်ကလေး တင် ပေးပြီးတော့ ပြောဟောပြန်ပြီ။ တင်ပေး လိုက်တော့ ခဏလေးဆိုရင် ဆက်မှတ်ရင်း ဆက်မှတ်ရင်းနဲ့ သကဒါဂါမိ မဂ်ဉာဏ် ဖိုဉာဏ်က အနာဂါမိမဂ်ဉာဏ် ဖိုဉာဏ်ကို ရောက်ရှိသွားရှာပြီးတော့ သီရိဝဍ္ဍသူကြွယ် သည် အရှင်အာနန္ဒာကို လက်အုပ်ကလေး

http://www.dhammadownload.com



ချီလိုက်ပါတယ်။

*(တင်ပါဘုရား)*

အရှင်ဘုရားတဲ့၊ မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြသော တရားတော်တို့သည် ဂုဏ်ကျေးဇူးကြီးမားပါပေစွ။

## တရားထိန်းသူ–စိတ်မပူ

ဘုရားကိုယ်စားလှယ်အဖြစ် အရှင်ဘုရား ဟောဖော်ညွှန်ပြအပ်သော တရားတော်မြတ်သည်ကား ကြုံရဆုံရခဲပါပေစွတကား။

အံ့သြဖွယ် ကောင်းပါပေစွတကား။ သြော်...ကြိုတင်ပြီးတော့ တရားတွေလုပ်ထားလို့ တရားတွေနဲ့ ပြည့်ဝထားခြင်းကြောင့် မြတ်စွာဘုရား ဟောဖော်ညွှန်ပြသော တရားတော်တို့သည် အရသာရှိပါပေစွ။ ဒီလိုလျှောက်တယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



အရှင်ဘုရား အာနန္ဒာ၊ လောကမှာ တရားတော်မြတ်သည် တန်ဖိုးရှိလွန်းလိုက်ပါဘိဘုရား။ လျှောက်ထားနေပြီနော်။

*(တင်ပါဘုရား)*

အရှင်အာနန္ဒာကိုယ်တော်မြတ်က သူကြွယ်၊ လောကမှာ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်မြတ်ကို မိမိကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်လို့ နှလုံးသားထဲမှာ လက်ခံထားတဲ့ ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်ထဲမှာ တွေးတောစရာ ယုံမှားသံသယ ဝိစိကိစ္ဆာ မရှိတော့ဘူးဆိုပဲ။

*(တင်ပါဘုရား)*

လူမမာကို ပြောနေတာနော်။ အခုအချိန်ဟာလေ မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြသော တရားတော်မြတ်ကို ဟောကြားခွင့်ရပြီး သူကြွယ်ကလဲပဲ နာကြားခွင့်ရပြီ။ ဒီလိုတရားလေးကို နာပြီးတော့ သင့်ရဲ့မျက်နှာသည် ကြည်လင်လာလိုက်တာ၊ သင့်

http://www.dhammadownload.com



ရဲ့ အမှုအယာသည် ကြည်လင်နေလိုက်တာ၊ သင့်ရဲ့ အခုလို ကြည်လင်နေတဲ့ အခါတွေမှာဖြင့် သင့်ရဲ့ အိမ်၊ မိသားစုတွေအပေါ်မှာ သံသယတွေများ ရှိပါသေးသလား။ မိသားစုနဲ့ ခွဲခွာရမှာ သင်ကြောက်တဲ့စိတ် ရှိပါသေးသလား။ မိသားစုအပေါ်မှာ သံသယတွေဝင်ပြီးတော့ စိတ်ပူပင်စရာများ သင့်ရဲ့စိတ်ထဲမှာ ကပ်ငြိပါသေးသလား သူကြွယ်လို့ မမေးဘူးလား။

*(မေးပါတယ်ဘုရား)*

အရှင်အာနန္ဒာက သောတာပန်ပဲရှိနေတာနော်။

*(တင်ပါဘုရား)*

သောတာပန်အဆင့်လောက်ပဲ ရှိနေတယ်။ တရားနာပြီးတော့နေတဲ့ ပုဂ္ဂိုလ်က အနာဂါမ်ဖြစ်နေတယ်။ သူ အနာဂါမ် ဖြစ်နေတာကိုတော့ အရှင်အာနန္ဒာ မသိနိုင်ဘူး။ မသိနိုင်ခြင်းကြောင့် မှန်းမျှော်ဆပြီးတော့

http://www.dhammadownload.com



မေးနေတယ်။

*(တင်ပါဘုရား)*

သင့်ရဲ့မျက်နှာလေးတွေ ကြည်လင်နေတာကိုမြင်တော့ ဝမ်းသာလို့ မေးနေတယ်။

*(တင်ပါဘုရား)*

ဒီတော့ သီရိဝဍ္ဎနသူကြွယ်က အရှင်ဘုရား အာနန္ဒာ "တရားကိန်းသူ စိတ်မပူ" ပါဘုရား...ဆိုပြီး စကားလုံးလေးနဲ့ ပြန်လျှောက်တယ်။ ဘာရသူတဲ့လဲ။

*(တရားရသူပါဘုရား)*

တရားရထားသော ပုဂ္ဂိုလ်တို့သည် မိမိအတွက်လည်း စိတ်မပူပါဘုရား။ သူတစ်ပါးအတွက်လဲ စိတ်မပူရပါဘူးပေါ့။ မိမိခန္ဓာကိုယ်ကြီးက ဘယ်လောက်ပင် ရောဂါဝေဒနာတွေ ပြပင်ပြငြားပါသော်ငြားလဲပဲ တပည့်တော်သည် အမြဲမပြတ် ပြုံးရွှင်လျက်ရှိနေပါတယ်ဘုရား။

အရှင်အာနန္ဒာက ဘယ်လိုမြင်နေသတုံး

http://www.dhammadownload.com


ဒကာရဲ့လို့ မေးတယ်နော်။

ဒီတော့

အရှင်ဘုရား အာနန္ဒာ တပည့်တော် သန္တာန်ထဲမှာ ဝေဒနာတွေကို ပြင်းထန်စွာ ခံစားရပင်ငြားသော်လည်းပဲ ရုပ်က သူ့သဘော သူပြနေတယ်။ နာမ်ကလဲ သူ့သဘောနဲ့သူ ရှိနေတာပါဘုရား။ ပြနေတာက တခြား၊ သိနေတာက တခြားပါဘုရား။

တပည့်တော်ကြည့်နေတဲ့ ဟောဒီခန္ဓာက ဘယ်လောက်ပင် နာကျင်ကိုက်ခဲ ဖော်ပြနေပင်ငြားသော်လည်း တပည့်တော်ရဲ့ စိတ်တည်းဟူသော အသိဉာဏ်ထဲမှာ ဘယ်လိုမှ မနေပါဘုရား။ တပည့်တော်ရဲ့ဉာဏ်ထဲမှာ လှမ်းပြီးတော့ ကြည့်နေတဲ့ ဝေဒနာအပေါ်မှာ သွားပြီးတော့ ဒေါသနဲ့ မကပ်ငြိပါဘုရား။ သူ့သဘောနဲ့သူ ဖောက်ပြန်ပြနေတာ တပည့်တော်နဲ့ မဆိုင်ဘူးလို့ အလိုလို သိနေပါတယ်။ သူ့သဘောနဲ့သူ နာပြနေတယ်၊ ကျင်ပြနေတယ်၊ ကိုက်ပြနေတယ်၊

http://www.dhammadownload.com



ခဲပြနေတယ်။ ပူပြနေပင်ငြားသော်လည်း တပည့်တော်နဲ့ မဆိုင်ပါဘုရား။

တပည့်တော်ရဲ့ ဉာဏ်ကိုစွက လောဘတွေကင်းနေတယ်၊ ဒေါသတွေ ကင်းနေတယ်၊ မောဟတွေကင်းနေတယ်၊ ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်ပြောင်းလဲနေတဲ့ ဝေဒနာတွေအပေါ်မှာ လောဘနဲ့မဆက်ဆံပါဘုရား၊ ဒေါသကိုလေသာနဲ့ သွားပြီးတော့ မသိမ်းပိုက်ပါဘုရား၊ ဒေါသနဲ့မတွေ့ထိပါဘုရား၊ မောဟနဲ့ မတွေ့ထိပါဘုရား။ ခန္ဓာကိုယ်ကြီးက ဘယ်လောက်ပင် ပြင်ပင် ပြငြားသော်လည်း တပည့်တော်သိပါပြီဘုရား။ စိတ်တွေ ကြည်လင်သန့်ရှင်းပြီးတော့ ချမ်းသာသောအာရုံဖြင့်သာ နေရပါတယ်ဘုရား။ ဒီလိုလျှောက်နေတယ်နော်။

*(တင်ပါဘုရား)*

အရှင်ဘုရား အာနန္ဒာ၊ တပည့်တော် အမှန်တရားကို ပြောရလို့ရှိရင် အခု အရှင်ဘုရားဟောတဲ့ တရားသည် တပည့်တော်

http://www.dhammadownload.com


အတွက် နာရတာ အားရှိပါတယ်ဘုရား။ တပည့်တော် တစ်ချိန်တုန်းက မြတ်စွာဘုရား ဟောတဲ့ တရားလေးတွေကို ကျင့်ကြံပွားများ အားထုတ်လို့ အပါယ်တံခါးပိတ်တဲ့တရား ရင်ထဲမှာ ကိန်းခဲ့ပါတယ်။ ဒါပေမဲ့ တပည့်တော် တစ်ခါတစ်ရံကျတော့ လဲပဲ ဝေဒနာလေးတွေကို တော်တော်လေးကို သတိထားပြီး ကြည့်နေခဲ့ရပါတယ်။ အခု အရှင်ဘုရားက ရှေ့ကဟော၊ တပည့်တော်က နောက်က ဉာဏ်ကလေးနဲ့မှီပြီးတော့ လိုက်နေတော့လေ တပည့်တော် အားရှိလိုက်တာဘုရား။ တပည့်တော် သန္တာန်ထဲမှာ အပြင်လောကတွေ ဆိတ်သုဉ်းပြီးတော့ ဓမ္မစွမ်းအားဖြင့် ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲခဲ့ပါတယ်။ တပည့်တော်သန္တာန်ထဲမှာ ကာမရာဂ ဗျာပါဒတွေ မရှိတော့ပါဘုရား။ အရှင်ဘုရားရှေ့မှောက်မှာ ခဏလေးကပင် လျှင် ငြိမ်းသွားပါပြီဘုရား။ လောင်စာသိမ်းသွားပါပြီဘုရား။ အရှင်ဘုရားအာနန္ဒာ၊

http://www.dhammadownload.com



တရားရှိသူ စိတ်မပူရပါဘုရား။ ကြိုတင်ပြီးတော့ တရားအားထုတ်သူ စိတ်မပူရပါဘုရား။ အရှင်ဘုရား အာနန္ဒာ၊ အရှင်ဘုရားရဲ့ တပည့်သာဝကတွေကို တစ်ဆင့်ဟောပေးပါဘုရား။

တပည့်တော်တို့ ရတနာသုံးပါးကို ချဉ်းကပ်တတ်ခြင်းကြောင့် ဥပါသိကာ ဥပါသိကာမတွေ၊ ဒကာ,ဒကာမတွေ အပေါင်းများစွာတို့ကို အရှင်ဘုရားတို့သည် တိုက်တွန်းပေးတော်မူပါဘုရား။ "တရားကိန်းသူ စိတ်မပူ"ရလေအောင် ခန္ဓာကိုယ်ထဲမှာ ကြိုတင်ပြီး တရားတွေ အားထုတ်ရလေအောင် သူတို့သန္တာန်ထဲမှာ သူတော်ကောင်းတရားတွေ ကြိုတင်ပြီးတော့ ကိန်းထားမယ်ဆိုရင် စိတ်မပူရတော့ပါဘုရား။ လျှောက်နေတာနော်။

*(တင်ပါဘုရား)*

ဘာမပူရဘူးတဲ့လဲ။

*(စိတ်မပူရပါဘုရား)*

http://www.dhammadownload.com



ဘယ်အချိန်မှာလဲ။

*(သေခါနီးမှာပါဘုရား)*

သေခါနီးမှာလဲ စိတ်မပူ။ ကြိုပြီးတော့လဲ စိတ်မပူ။ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်ပင် ဝေဒနာကြီးတွေ ပြင်းထန်ပင် ပြင်းထန်ငြားသော်လည်းပဲ ငြိမ်နေတယ်မဟုတ်လား။

*(တင်ပါဘုရား)*

အေးချမ်းသော အာရုံတို့ဖြင့် ရှိမနေဘူးလား။

*(ရှိနေပါတယ်ဘုရား)*

ဩော်...ဘာနဲ့နီးစပ်လို့လဲဆိုရင် ကြိုတင်ပြီးတော့ တရားနဲ့နီးစပ်ထားတဲ့ ပုဂ္ဂိုလ်မို့လို့ ခေတ္တခဏလေး စိတ်ထဲမှာ ကပ်ငြိရင်တောင်မှ အနားကပုဂ္ဂိုလ်တွေက လာရောက်ပြီး သတိလေးနည်းနည်းပေးလိုက်တာနဲ့ ဖျတ်ဆိုရင် သတိရသွားတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com



ကိုယ်အားထုတ်ထားတာလေးတွေသတိရလာတယ်။

(တင်ပါဘုရား)

## တရားကျေးဇူး

ဘုန်းကြီး ဟိုနေ့က ပြောခဲ့ပါပြီ။ ဘုန်းကြီးရဲ့ မယ်တော်ကြီး သတိမရတာ (၄) ရက်ရှိသွားခဲ့ပါပြီ။ ဒါပေမဲ့ ဘုန်းကြီးရောက်သွားတော့ ဘုန်းကြီးရဲ့ မေတ္တာစွမ်းအားလေးနဲ့ စေလွှတ်ပြီးတော့ မေတ္တာတွေပို့ပြီးတော့ ခန္ဓာအစဉ်ကို ဉာဏ်ယှဉ်ပြီး ငါးမိနစ်လောက်ပဲ တရားလေးဟောလိုက်ရော ဖျတ်ဆို သတိရလာတယ်။ သတိလဲရလိုက်ရော အမေ...ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲပြီးတော့ကြည့်၊ အမေ့ခန္ဓာကိုယ်ကိုပဲ ကြည့်ပါ။ အမေ့ခန္ဓာကိုယ်ကြီး ရောဂါဝေဒနာတွေ ဖြစ်နေပြီ အမေရဲ့။ ဘယ်သူ့ကိုမှ အားမကိုးပါနဲ့။ ဒီအချိန်မှာ တရားမှတစ်ပါး အားကိုးရာ

http://www.dhammadownload.com



မရှိပါဘူး။ အမေ ခဏလေး စိတ်ကိုလျှော့လိုက်ပါ။ အမေ့စိတ်တွေ မတင်းထားပါနဲ့ ဆိုပြီး တတွတ်တွတ်ပြောနေတော့ အမေ့ရဲ့ စိတ်ထဲမှာ အေးချမ်းပြီးလာတယ်။ အသံ ခါတ်ကလေးကို ကပ်ပြီးတော့ စူးစိုက်လာတယ်။ တစ်ချိန်တုန်းက တရားတွေအား ထုတ်ထားတဲ့ ကုသိုလ်စွမ်းအားတွေကြောင့် ဖျတ်ဆိုရင် သတိတွေရပြီး သြော်...ခန္ဓာမှာ ပေါ်နေပါလား၊ ပေါ်နေပါလားဆိုပြီး နှလုံး သားနဲ့ လက်ခံလာတယ် ပရိသတ်။ တစ်ခါ တစ်ရံကျတော့ ဝမ်းသာလွန်းလို့ ရှိုက်ရှိုက် ပြီး တက်လာတယ်။ စိတ်ကလေး ပြန် လျှော့ဖို့ ခိုင်းရတယ်။ အမေ စိတ်တွေလျှော့ လိုက်ပါဦး၊ ရန်သူကပ်လာပြီနော်။ ရန်သူ တွေ များလာပြီ။ အမေ့စိတ်တွေ နည်းနည်း လျှော့လိုက်ပါဦး။ သတိလေးကပ်လိုက်။ ခန္ဓာကိုယ်ကို ကြည့်လိုက်ပါဦး။ ပေါ်နေတဲ့ နေရာကို ကြည့်လိုက်ပါဦးလို့ အဲသလို

http://www.dhammadownload.com



အမိန့်ရှိလိုက်တဲ့အခါ ဖျတ်ဆိုရင် သတိရသွားပြန်တယ်။ ဘာနဲ့နီးစပ်ခဲ့လို့လဲ။

*(တရားနဲ့ နီးစပ်ခဲ့လို့ပါဘုရား)*

ဟုတ်တယ်။ တရားနဲ့နီးစပ်ခဲ့လို့၊ ကြိုးတင်ပြီးတော့ တရားတွေ အားထုတ်ခဲ့လို့နော်။ ထိုနည်းတူစွာပဲ ယောဂီ ဒကာ,ဒကာမများရဲ့ သန္တာန်မှာလဲပဲ တရားဆိုတာ သေခါနီးမှ အားထုတ်ရမှာလား၊ ကြိုပြီး အားထုတ်ရမှာလား။

*(ကြိုပြီး အားထုတ်ရမှာပါဘုရား)*

ကြိုတင်ပြီးတော့ အားထုတ်ထားတော့ ခန္ဓာကိုယ် နှလုံးသားထဲမှာ အရိယာ သူတော်ကောင်းမျိုးစေ့တွေ ကိန်းထားမယ်ဆိုရင် သီရိဝဍ္ဎနသူကြွယ်ကဲ့သို့ တရားကိန်းသူ စိတ်မပူရပါဘူး။

*(တင်ပါဘုရား)*

http://www.dhammadownload.com



# အနာဂါမ်၏ဖြစ်ရာဘုံ

အရှင်အာနန္ဒာကိုယ်တော်မြတ်က သပိတ်ကလေးကိုယူပြီး ချက်ချင်း ဒကာကြီး၊ ကျောင်းကိုပြန်ကြွဦးမယ်။ ဒကာကြီး ချမ်းသာစွာနေခဲ့ပေါ့လို့ဆိုတော့ လက်အုပ်ကလေး ချီပြီးတော့ ကျန်ရစ်ခဲ့ပါတယ် ဒကာ,ဒကာမတို့။

*(တင်ပါဘုရား)*

အရှင်မြတ် ပြန်သွားလို့ နာရီပိုင်းအတွင်းမှာပင်လျှင် သူကြွယ်ဟာ သေလွန်သွားခဲ့ပါတယ်။ သေလွန်သွားတဲ့ သီရိဝမုန သူကြွယ်သည် သုဒ္ဓါဝါသခေါ်တဲ့ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များနေတဲ့ သုဒ္ဓါဝါသ ဗြဟ္မာ ဘုံမှာပင်လျှင် ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံဝင်တော်မူမယ် ဒကာ, ဒကာမတွေ။

*(တင်ပါဘုရား)*

http://www.dhammadownload.com



တစ်ခါမပြန် အနာဂါမ်ဆိုတယ်မဟုတ်လား။ အနာဂါမ်များဟာ လူ့ပြည်ကို ပြန်မလာတော့ဘူး။ အေး...အဲဒီစကားလုံးနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင်ထံသို့ အရှင်အာနန္ဒာက သွားရောက်ပြီး လျှောက်ထားခဲ့ပါတယ်။

"ဘုန်းတော်အလွန်တရာကြီးမားလှစွာသော မြတ်စွာဘုရား" တပည့်တော်သည် ယခုအခါကာလမှာ သီရိဝဍ္ဎနသူကြွယ်အိမ်က လာခဲ့ပါတယ်ဘုရား။

သိလျက်နဲ့ ဘုရားရှင်က လှမ်းပြီး မေးခဲ့တာကိုး ဟုတ်လား။

*(တင်ပါဘုရား)*

## ဘုရားထံမှောက် အာနန္ဒာလျှောက်

အာနန္ဒာတဲ့၊ သင်ခြေကျင်ကြွပြီးတော့ ဘယ်ကလာတာလဲ၊ ချွေးတွေဘာတွေကျပြီး အဝေးကလာတဲ့ပုံပဲဆိုတော့ မှန်လှပါဘုရား၊

http://www.dhammadownload.com



တပည့်တော် သီရိဝမုန သူကြွယ်အိမ်က လာပါတယ်ဘုရား။ ဒီလိုဖြေတယ်နော်။ ဘုရားရှင်က မသိလို့မေးတာ မဟုတ်ဘူး။ သိလျက်ကယ်နဲ့ တမင်မေးတာဟာ နောင်လာနောင်သားတွေ သိအောင် ထပ်ဆင့်ကြားနာလို့ရအောင် တမင်ပြောပေးခြင်းဖြစ်တယ်။

*(တင်ပါဘုရား)*

နောင်လာနောင်သားတွေကို အသိဉာဏ်ရှိစေချင်လို့နော်။

*(တင်ပါဘုရား)*

အရှင်အာနန္ဒာက ဘုန်းတော်အလွန်တရာ ကြီးမားလှစွာသော မြတ်စွာဘုရား၊ ဘုရားရှင်ထံတော်ပါးမှာ တရားတွေနာ၊ တရားတွေအားထုတ်ခဲ့တဲ့ သီရိဝမုနသူကြွယ်၊ တပည့်တော်တို့ သာသနာကြီးကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခဲ့တဲ့ ဒါယကာ၊ သာသနာ့ဒါယကာ ဥပါသကာကြီးဖြစ်တဲ့ သီရိ

http://www.dhammadownload.com



ဝမှန သူကြွယ်သည် ရောဂါတွေ ပြင်းထန်လွန်းပါတယ်ဘုရား။

အလွန်တရာ ပြင်းထန်လှစွာသော ရောဂါဝေဒနာကြီး ပေါ်ပင်ပေါ်ငြားသော်လည်းပဲ မြတ်စွာဘုရား ဟောဖော်ညွှန်ပြခဲ့တဲ့ သတိပဋ္ဌာန်တရားတွေကို ကျင်းသုံးခဲ့ပါတယ်။ သတိပဋ္ဌာန်တရားတွေဖြင့် ဟောဖော်ညွှန်ပြလေတော့ သူက ပြောတယ်ဘုရား။ တပည့်တော်ဟောသွားတဲ့ အသံဓာတ်အပေါ်မှာ ဉာဏ်ကပ်ပြီး မှတ်သွားလို့ တရားမဆုံးခင်မှာပင်လျှင် အနာဂါမ်ဖြစ်ပါသတဲ့ဘုရား။ ကာမ ရာဂ ဗျာပါဒတရားတွေ ကုန်ဆုံးပြီးတော့ အနာဂါမ်ဖြစ်ပါသတဲ့ဘုရား။ တပည့်တော်က ပြန်ပြောခဲ့ပါတယ်။ သီရိဝမှနသူကြွယ်၊ သင်ကံကောင်းပါပေစွ၊ လူ့ဘဝရောက်ရကျိုး နပ်ပါပေစွ။ ဘုရားသာသနာတော်မြတ်မှာ တရားတော်တွေကို နာယူတတ်ပါပေစွ။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတွေကို ကျင့်ကြံရကျိုး

http://www.dhammadownload.com



နပ်ပါပေစွလို့ တပည့်တော် ပြောခဲ့ပါတယ် ဘုရား။ တပည့်တော်ပြောခဲ့တဲ့ စကားလုံး သည် မြတ်စွာဘုရားရှင်ကို မကဲ့ရဲ့သော စကားလုံးများ ဖြစ်ပါလေသလား။ သို့တည်း မဟုတ် မြတ်စွာဘုရားရှင်ကို ကဲ့ရဲ့သော စကားလုံးများ တပည့်တော် ပြောမိခဲ့ပါ သလားဘုရားဆိုပြီး ဘုရားရှင်ကို လျှောက် ထားတယ်နော်။

*(တင်ပါဘုရား)*

ဘုရားရှင်က ချစ်သားအာနန္ဒာ၊ သင် ပြောခဲ့သော စကားများသည် ငါဘုရားကို စွပ်စွဲရာ မရောက်ပေဘူး။ ငါဘုရားကို ပူ ဇော်ရာရောက်တယ် ချစ်သားအာနန္ဒာ။ ငါ ဘုရားရဲ့ တရားတော်မြတ်ကို နာခံမှတ်သား လျက် ရှိခဲ့တဲ့ သီရိဝမုနသူကြွယ်သည် အခု စုတိစိတ်ကျခဲ့ပြီးတော့ အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးတော့ သုဒ္ဓါဝါသ ဗြဟ္မာဘုံ ကို ရောက်သွားခဲ့လေပြီ။

*(တင်ပါဘုရား)*

http://www.dhammadownload.com



## ကွေးသောလက်မဆန့်မီ

ဆိုတော့...အရှင်အာနန္ဒာဟာ ထိတ်ခနဲ ဖြစ်သွားတယ်။ ဟာ...ခဏလေး တပည့်တော်လာတုန်းက ရှိသေးတယ်။ တပည့်တော်လာတုန်းက အားရပါးရ စကားတွေ ပြောခဲ့သေးတယ်။ တပည့်တော်ကို အသံကြည်ကြည်လင်လင် မာမာ ပြတ်ပြတ်သားသား ပြောနိုင်ခဲ့သေးတယ်။ တပည့်တော်ကို လက်အုပ်ကလေးချီပြီးတော့ သာဓုတွေ ခေါ်ကျန်ရစ်ခဲ့တယ်ဘုရား။

ဒီတော့ ဘုရားရှင်က–

အာနန္ဒာ၊ လောကမှာ သေခြင်းတရားဆိုတာ နေ့မြင် ညပျောက် ညမြင် နေ့ပျောက်၊ ကွေးထားတဲ့လက်ကလေးကို တစ်ဆန့်ပဲ ရှိပါတယ်။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင်လျှင် ခန္ဓာဟာ စုတိစိတ်ကျသွားနိုင်တာပေါ့ အာနန္ဒာရဲ့။ သေခြင်းတရားဆိုတာ မြန်တယ် ဟုတ်လား

http://www.dhammadownload.com



ဒကာ,ဒကာမတွေ။ သေခြင်းတရားဆိုတာ မမြန်ဘူးလား ဒကာ,ဒကာမတွေ။

*(မြန်ပါတယ်ဘုရား)*

## သေမင်းကို စိန်ခေါ်ရဲသူ

ပြီးတော့ အရှင်ဘုရား၊ သီရိဝဍ္ဎန သူကြွယ်က ပြောတယ်ဘုရား၊ တရားကို ကျင့်ကြံပွားများ အားထုတ်ပြီး သူတော်ကောင်းတရား ခန္ဓာကိုယ်ထဲမှာ ကိန်းထားတဲ့ပုဂ္ဂိုလ်များတို့သည် စိတ်မပူရဘူးတဲ့ဘုရား။ တပည့်တော်ကို သူပြန်ပြောပါသေးတယ်ဘုရား။ တရားရသူ စိတ်မပူဆိုတာ မှန်ကောမှန်ပါရဲ့လား မြတ်စွာဘုရားဆိုပြီး ပြန်ပြီးလျှောက်ထားတယ်နော်။

ဘုရားကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာ၊ ငါဘုရား ဟောဖော်ညွှန်ပြအပ်သော ကာယာနုပဿနာ သတိပဋ္ဌာန်ကိုသော် လည်းကောင်း၊ ဝေဒနာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်ကိုသော်လည်းကောင်း၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတို့ကို အခြေခံထားပြီးတော့ ကျင့်ကြံပွားများ အားထုတ်လို့ ခန္ဓာကိုယ်ထဲမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကိန်းထားတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်သောအခါမှ စိတ်မပူရတော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် အာနန္ဒာ၊ ခန္ဓာကိုယ်ထဲမှာ သူတော်ကောင်းတရားတွေ ကိန်းထားလို့။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတပ္ပ တည်းဟူသော သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါး ခန္ဓာကိုယ်ထဲမှာ ကိန်းထားတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်တော့မှ စိတ်မပူရတော့ဘူး။ သေမင်းကို စိန်ခေါ်ရဲတယ်။ ငါတစ်နေ့နေ့မှာ သေမယ်ဆိုတာကို ကြိုတင်ပြီးတော့ နှလုံးသွင်းထားလေခြင်းကြောင့် သေမှာ မကြောက်တော့ဘူး။ သေမင်းကို စိန်ခေါ်ရဲလာတယ်။

*(တင်ပါဘုရား)*

http://www.dhammadownload.com


ခန္ဓာမှာ ဘာကိန်းထားလို့တဲ့လဲ။

*(တရားကိန်းထားလို့ပါဘုရား)*

စိတ်ထဲမှာ ပူပင်စရာတွေရှိပါဦးမလား။

*(မရှိပါဘုရား)*

သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး ဒီအရေးတွေကို သတိရတဲ့စိတ် ရှိပါဦးမလား။

*(မရှိပါဘုရား)*

သားသမီးခန္ဓာဟာ ငါ့ခန္ဓာမှမဟုတ်ဘဲ၊ သူတို့ခန္ဓာနဲ့သူတို့ပဲ။ ငါ့ခန္ဓာနဲ့ ဘာမှမဆိုင်။ ငါလာတုန်းကလဲ တစ်ယောက်တည်းပဲ။ ပြန်တော့လဲ တစ်ယောက်တည်းပဲ။ ဘာမှမပါဘူး။ ခဏဆိုရင် သူ့လမ်းသူသွားကြရမှာပဲ။ ပုပုရွရွ မြင်မြင်သမျှသော သတ္တဝါမှန်သမျှတို့သည် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ၊ အသက်တစ်ရာအတွင်းမှာ ဘာဖြစ်ကုန်ကြသလဲ။

*(သေကြပါတယ်ဘုရား)*

http://www.dhammadownload.com



သေကြေပျက်စီးကြရမယ်နော။

(တင်ပါဘုရား)

ဘာဖြစ်လို့လဲဆိုရင် ခန္ဓာရဲ့ သဘောတရားတို့သည် မြဲလို့လား။ မမြဲလို့လား။

(မမြဲလို့ပါဘုရား)

မမြဲတဲ့ဘဝခန္ဓာကိုယ်ကြီးသည် မမြဲတဲ့သဘောကို ဆောင်တယ်မဟုတ်လား။

(တင်ပါဘုရား)

အရိယာသူတော်ကောင်းမျိုးစေ့ ခန္ဓာကိုယ်ထဲမှာ ကိန်းထားတဲ့ ပုဂ္ဂိုလ်တို့သည် ဒီဉာဏ်တရားတွေ ရထားခြင်းကြောင့် စိတ်ပူပါ့မလား။

(မပူပါဘုရား)

သားအတွက်လဲ စိတ်မပူ၊ သမီးအတွက်လဲ...

(စိတ်မပူပါဘုရား)

http://www.dhammadownload.com


စီးပွားရေးအတွက်လဲ

*(စိတ်မပူပါဘုရား)*

အို...ဘာနဲ့နေသွားပါလိမ့်။

*(တရားနဲ့ပါဘုရား)*

တရားနဲ့နော်။ ဘာနဲ့ အဖော်တွဲလဲ။

*(တရားနဲ့ အဖော်ပါဘုရား)*

ဟော...ခန္ဓာကိုယ်ကို ဘာနဲ့ အဖော် လုပ်တယ်။

*(တရားနဲ့ပါဘုရား)*

မိတ်ကောင်းဆွေကောင်းလို့ မခေါ်ရ ဘူးလား။

*(ခေါ်ရပါတယ်ဘုရား)*

ဒါကြောင့်မို့လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အာနန္ဒာ၊ သူတော် ကောင်းတရား ခန္ဓာကိုယ်ထဲမှာ ကိန်းထား ကြကုန်သော ပုဂ္ဂိုလ်တို့သည် တရားကိန်း

http://www.dhammadownload.com



ထားခြင်းကြောင့် "တရားကိန်းသူ စိတ်မပူ" လို့ မြတ်စွာဘုရားရှင်က ထပ်ပြီး မိန့်တယ်။

*(တင်ပါဘုရား)*

ဒါကြောင့်မို့လို့ သီရိဝဓုန သူကြွယ်သည့် ခန္ဓာကိုယ်ထဲမှာ တရားနှလုံးသွင်းပြီးတော့ ဒုက္ခရပ်သိမ်း ချုပ်ငြိမ်းတဲ့နေရာသို့ ရောက်သွားဘိသကဲ့သို့ ဒီနေ့တရားတော်မြတ်ကို ကြည်ညိုသဒ္ဓါပွားများကြကုန်သော ဒကာ,ဒကာမများ သန္တာန်ထဲမှာလဲပဲ တရားတွေ ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းပြီး ဒုက္ခချုပ်ငြိမ်းနိုင်ကြပါစေ။ ခန္ဓာကိုယ်ထဲမှာ ကိုယ်ပိုင်ဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိ။ သမုဒယသစ္စာကိုပယ်။ မဂ္ဂသစ္စာကို ပွားများကာ အပူဓာတ် အလောင်ဓာတ်တို့ ချုပ်ငြိမ်း ရပ်သိမ်းတဲ့ အမတသုခ နိဗ္ဗာန်တည်းဟူသော ချမ်းသာထူး ချမ်းသာမြတ်ကြီးကို ဤဘဝ ဤခန္ဓာ ဤသာသနာ

http://www.dhammadownload.com



အတွင်းမှာပင်လျှင် မိမိတို့အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကျေးရူးပြု၍ နိဗ္ဗာန်သို့ ကောင်းစွာမသွေ ရရှိနိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု

http://www.dhammadownload.com



## တရားအားထုတ်ခါနီး ပရိကံပြုရန်

အဟံဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္ထာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်း အကျိုးငှာ။ ဣမံ အတ္တာနံ–ဤခန္ဓာငါးပါးကို။ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း။

http://www.dhammadownload.com



ဓမ္မသ–တရားတော်မြတ်အားလည်းကောင်း။ သံဃသ–သံဃာတော်မြတ်အား လည်းကောင်း။ အာစရိယသ–ဆရာမြတ်အားလည်းကောင်း။ အတ္ထာယ–အကျိုးငှာ။ ဓိဝိတံ–အသက်ကို။ နိယျာဒေမိ–အပ်နှင်းပါ၏။ ပရိစ္စဇာမိ–လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

ဓိဝိတံ–စဆမာနောပိ သိက္ခာပဒါဟံ နစဇာမိ။

ဓိဝိတံ–အသက်ကို။ စဆမာနောပိ–စွန့်လွှတ်ငြားသော်လည်း။ သိက္ခာပဒံ–ကိုယ်ကျင့်သီလတော်မြတ်ကို။ အဟံ–တပည့်တော်သည်။ နစဇာမိ–မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား၊ တပည့်တော်များသည် တရားအားထုတ်ဆဲခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန သီလ ဇေ

http://www.dhammadownload.com



တနာကာံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



# ဆုတောင်း

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ ဓမ္မံပူဇေမိ သံဃံပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ဓမ္မံ–တရားတော်မြတ်ကို၊ သံဃံ–သံဃာတော်မြတ်အပေါင်းကို၊ မိဘဘိုးဘွား ဆရာသမားများကို၊ ပူဇေမိ–ပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိ မုစ္စိဿာမိ။

ဣမာယ ပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဧ၌ လောကုတ္တရာတရား ကိုးပါးအား လျော် သော ကျင့်ဝတ်ပဋိပတ်ကြောင့်။ ဇာတိ ဇရာ ဗျာဓိ မရဏမှာ–ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ။ အဒ္ဓါ–မချွတ်ဧကန်၊ ပရိမုစ္စိဿာမိ–လွတ် မြောက်ရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



# မေတ္တာပို့

အထက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

အနန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။

အောက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

တရားဟော တရားနာ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။

http://www.dhammadownload.com



ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာကြပါစေ။

မေတ္တာနှလုံး ကိုယ်စီသုံး ရှင်ပြုံးကြပါစေ။

မေတ္တာရေချမ်း ပက်ကာဖျန်း အေးချမ်းကြပါစေ။

မေတ္တာရန်သူ ဒေါသမှု အပူကင်းပါစေ။

ခန္တီနှလုံး ကိုယ်စီသုံး ရှင်ပြုံးကြပါစေ။

သူတော်ကောင်းဓာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ။

တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။

တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

http://www.dhammadownload.com



## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ကောန်ထုတ်ချောက်ရောက်စေသော်ဝ်။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘာဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှ လုံးစုံ ဘုံသုံးဆယ့်တစ် ရှိရှိသမျှ ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာခု ခေါ်စေသော်ဝ်...။

(အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော...သာဓု...သာဓု...သာဓု)[၃]

http://www.dhammadownload.com



## ဆွမ်းစား မေတ္တာပို့

ယနေ့ အရဏ်ဆွမ်း၊ မွန်းတည့်ဆွမ်း… လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ရဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤသည့်စားဖွယ် အမယ်မယ်ကို မြိုးရယ် မာန်ကြွ လှပရေဆင်း ပြည့်ဖြိုးခြင်းမှာ မသုံးပါဘူး လေးဖြာဓာတ်ဆောင် ဤကိုယ်ကောင်သည် ရှည်အောင်တည်လျက် အသက်မျှတမ်း မမောပန်းကြား ဘုရားသာသနာ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ ဝေဒနာဟောင်း သစ် မဖြစ်စေရ ယာပိုက်မျှလစ် ခပ်သိမ်း

http://www.dhammadownload.com



ပြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ ဒုက္ခိတ သုခိတ သတ္တဝါမှန်သမျှ အနန္တတို့ကို ကုသိုလ်ပြုလုပ် အကျွန်ုပ်တို့က အမျှကုသိုလ် ပေးဝေလို၏။ အမျှရကြ၍ ချမ်းသာကြပါစေသော်ဝ်...။ ။